ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (31-7-2005) (၄၆၇၃)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ တက်ရောက် ကြည့်ညို

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အလယ်တောရစံပြစာသင်တိုက်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ညိုပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည့်ညို

အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လ၊ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့၊ ကမာရွတ်မြို့နယ် သံဃနာယကအဖွဲ့တို့မှ ဆရာတော် သံဃာတော်များ၊ အလယ်တောရ စံပြစာသင်တိုက်မှ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေး ပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည့်ညိုကြသည်။

အရုဏ်ဆွမ်းဆက်ကပ်

အခမ်းအနားမစတင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့်အတူ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **စာမျက်နှာ ၇ ကော်လံ ၄ သို့** ●

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* *မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ သဘင်၊ ဂီတနယ်ပယ်ထဲသို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ အတား အဆီးမဲ့ ထိုးဖောက်စိမ့်ဝင်လာနေသည့် အန္တရာယ်ကို တားဆီးကာကွယ်မှုများ ပြုလုပ်လျက်ရှိသည်။*

ခေါင်းကြီး (စာမျက်နှာ – ၂)

---

* *ထိန်းချုပ်ဓာတုပစ္စည်းများကို တရားဝင် ကုန်သွယ်မှုပြုလုပ်ရာမှ တရားမဝင် လမ်းကြောင်းသို့ ပြောင်းလဲရောက်ရှိခြင်းများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာပင်ဖြစ်သည်။ အရှေ့အာရှတွင် စိတ်ကြွရူးသွပ်ဆေး ထုတ်လုပ်သည့် တရားမဝင် ဓာတ်ခွဲခန်းများကို အချို့နိုင်ငံများ၌ ဖမ်းဆီးရမိမှုများ တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေး (ATS) ထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းကြောင်းပြောင်းလဲမှုကို အထူးအာရုံစိုက်ရန် လိုအပ်လာသည်။*

ခြင်ကျား (မအူပင်)၏ ***"မူးယစ်ကင်းမဲ့နိုင်ငံမှ ဒေသတွင်း မူးယစ်ကင်းမဲ့ရေးသို့"***

ဆောင်းပါး (စာမျက်နှာ – ၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၁-၇-၂၀၀၅
(တနင်္ဂနွေနေ့)

ယဉ်ကျေးမှုအနုပညာမှတ်တိုင်များ စိုက်ထူ အမျိုးသားရေးလက္ခဏာကောင်းများ ဆက်လက်ထိန်းသိမ်း

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ၏သက်တမ်းသည် နှစ်ပေါင်းထောင်ချီ၍ ရှည်ကြာခဲ့ပြီဖြစ်သည်။ ယဉ်ကျေးမှု ဟုဆိုရာတွင် ပန်းချီ၊ ပန်းပုစသော အနုပညာလက်ရာဆိုင်ရာ ယဉ်ကျေးမှု၊ ဘာသာစကားဆိုင်ရာယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်းဆိုင်ရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးအနုပညာဆိုင်ရာယဉ်ကျေးမှုစသည်ဖြင့် ယဉ်ကျေးမှုပေါင်း များစွာပါဝင်သည်။

မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ထိပ်တန်းကျကျ နေထိုင်လာခဲ့သည့် အချိန်မှစ၍ မြန်မာ့ယဉ်ကျေးမှုအနုပညာသည် ကိုယ်ပိုင်အမျိုးသားရေး လက္ခဏာများဖြင့် အဆင့်အတန်းမြင့်မားစွာ ထွန်းကားရပ်တည်လာခဲ့ရာ ယနေ့ကာလတိုင်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် နိုင်ငံတကာကပင် အသိအမှတ်ပြုထားရသော နိုင်ငံဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် အစီအမံများ ချမှတ် ဖော်ဆောင်နေသည်။ အဆိုပါလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပနေခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၂၉ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် **ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးသည် ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် တစည်းတလုံးတည်းသောစွမ်းအားကို ပြုစုပျိုးထောင်ပေးရာတွင် ထိထိရောက်ရောက် အထောက်အကူပြုနိုင်စွမ်း ရှိသည်မှာ အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တိုင်များကို တစ်နှစ်ပြီးတစ်နှစ် ခိုင်ခိုင်မာမာ ထူထောင်နိုင်အောင် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကို ကျင်းပနေခြင်း ဖြစ်သည် ဆိုသည့် လေးနက်သောယုံကြည်ချက်နှင့် (၁၃)ကြိမ်မြောက် ပြိုင်ပွဲကြီးအတွက် လိုအပ်သည်များ တင်ပြညှိနှိုင်းပြင်ဆင်ကြရန်** တိုက်တွန်း ပြောကြားသွားသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ဖြစ်ထွန်းလျက်ရှိသည်။ ယင်းသို့ အနောက်နိုင်ငံကြီးအချို့က ခေတ်မီတိုးတက်သည့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများကို တလွဲအသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအား နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု တံခါးပေါက်မျိုးစုံကနေ၍ ယင်းတို့၏အမူအကျင့်များကို သွတ်သွင်းလျက်ရှိကြသည်။

မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ သဘင်၊ ဂီတနယ်ပယ်ထဲသို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ အတားအဆီးမဲ့ ထိုးဖောက်စိမ့်ဝင်လာနေသည့်အန္တရာယ်ကို တားဆီးကာကွယ်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းတားဆီးကာကွယ်နေသည့်ကြားမှပင် အနောက်တိုင်းတေးဂီတနှင့် အဆို၊ အက၊ တီးမှုတ်မှုများသည် အင်တာနက်နှင့် ဂြိုဟ်တုစလောင်းစသည့် ခေတ်မီဆက်သွယ်ရေးပစ္စည်းကိရိယာများမှတစ်ဆင့် လျင်မြန်စွာ စိမ့်ဝင်ပျံ့နှံ့လျက် ရှိသည်ကိုလည်း တွေ့မြင်နေရသည်။

တိုင်းတစ်ပါးမှ တေးဂီတနှင့်အလေ့အထအကျင့်စရိုက်များ ထိုးဖောက်လွှမ်းမိုးလာသည့်အန္တရာယ်ကို မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များဖြင့်သာ တားဆီးတွန်းလှန်နိုင်ကြမည်ဖြစ်သည်။ အနုပညာရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံးအနေဖြင့် မျိုးရိုးဇာတိမာန်ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ် အားကောင်းနေရန်နှင့် စည်းလုံးညီညွတ်မှုအင်အား တောင့်တင်းခိုင်မာနေရန် အရေးကြီးသည်။ တစ်နည်းအားဖြင့် အမျိုးသားရေးကိုယ်ခံ စွမ်းအားကောင်းနေရန် လိုအပ်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုး အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေး၊ အမျိုးသားရေးလက္ခဏာကောင်းများ ထိန်းသိမ်းကာကွယ်နိုင်ရေးနှင့် မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေကောင်းများ ပေးနိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်စွမ်းရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်၍ကျင်းပလာခဲ့ရာ ယခုနှစ်တွင် တေရသမအကြိမ်(၁၃ ကြိမ်)မြောက်ပြိုင်ပွဲကို ကျင်းပတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ ရှေ့ဆောင်ရှေ့ရှုက် လမ်းကြောင်းမှန် ဖော်ဆောင်ပေးမှုနှင့်အညီ သက်ကြီးဝါရင့် အနုပညာရှင်များ၊ သဘင်၊ ဂီတ၊ ရုပ်စုံရုပ်သေး၊ အက စသည့် နယ်ပယ်အသီးသီးမှ အနုပညာရှင်များနှင့် ပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အောင်အောင်မြင်မြင် စဉ်ဆက်မပြတ် ကျင်းပနိုင်လျက်ရှိရာ အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တိုင်များ ခိုင်ခိုင်မာမာစိုက်ထူရင်း အမျိုးသားရေးလက္ခဏာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အရှေ့ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပွဲတော် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ပြီး အမှတ်တရသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် မိုးလုံလေလုံ အားကစားခန်းမအနီး၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားပြီး အမှတ်တရသစ်ပင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ဦးကျော်မြင့်ဦး၊ ဒုတိယပါမောက္ခချုပ် ဦးဆန်း၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

အမှတ်တရစိုက်ပျိုး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ပေါက်ပန်းဖြူ၊ သီဟိုဠ်၊ သစ်ဆိမ့်နှင့် ခရေပျိုးပင်များအပါအဝင် အပင်မျိုးစုံ ၁၁ မျိုးကို ဝေငှပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ယင်းနောက် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပွဲတော်အတွင်း ဆရာ၊ ဆရာမများ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့်ရန်ကုန်အရှေ့ပိုင်းခရိုင် သစ်ပင်စိုက်ပွဲတော်တွင် ရတနာ တန်းဝင် ကျွန်း၊ ပျဉ်းကတိုးအပါအဝင် နှစ်ရှည်စားသုံးပင်၊ အရိပ်ရလေကာပင်၊ စီမံကိန်းဝင်ပင်နှင့် မန်ကျည်း၊ တမာ၊ ထန်းပင် စုစုပေါင်း ၆၀၂၀၀ပင် စိုက်ပျိုးခဲ့သည်။

တွေ့ဆုံ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦး၊ ဒုတိယပါမောက္ခချုပ်၊ပါမောက္ခများ၊ တွဲ ဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ကထိကများ၊ ဆရာ၊ ဆရာမများနှင့်တာဝန်ရှိသူများအား တွေ့ဆုံသည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဒဂုံတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ တက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"ဟူသည့် ပညာရေးရည်မှန်းချက်နှင့်အညီ နိုင်ငံတော်က ပညာရေးကဏ္ဍ မြင့်မားအောင် အဘက်ဘက်က ပံ့ပိုးဆောင်ရွက်ပေးပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအတွက် အဖိုးတန်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်၊ မွေးမြူလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များ၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျှပ်စစ်မီး လုံလောက်စွာရရှိအောင် စီမံဆောင်ရွက်ပေးခြင်း၊ တယ်လီဖုန်းများ တပ်ဆင်ပေးခြင်း၊ သန့်ရှင်းသည့် သောက်သုံးရေရရှိအောင် စီမံ ဆောင်ရွက်ပေးခြင်း၊ တက္ကသိုလ်၊ ကောလိပ်များသို့ ဆက်သွယ်ထားသည့် လမ်းများ ကောင်းမွန်အောင် ခင်းကျင်းဆောင်ရွက်ခြင်းနှင့် ကျောင်းကြိုကျောင်းပို့ယာဉ်များ လုံလောက်စွာပြေးဆွဲ၊ စီးနင်းနိုင်အောင် စီမံဆောင်ရွက်ပေးခြင်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့အချိန်အခါသည် ပညာခေတ်ဖြစ်၍ ခေတ်မီအဆင့်မြင့်သည့် ပညာရပ်များ တတ်ကျွမ်းသောပညာရှင်များဖြင့် အဆင့်အတန်းမြင့်မားသည့် လူ့ဘောင်အဖွဲ့အစည်းကိုတည်ဆောက်နိုင်အောင် ပညာဉာဏ်ရည် စွမ်းအားမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို ပြုစုပျိုးထောင်ကြစေလိုကြောင်း၊ တက္ကသိုလ်ပတ်ဝန်းကျင် အမြဲစိမ်းလန်းစိုပြည်စေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် တက္ကသိုလ်အတွင်းရှိ လမ်းများကောင်းမွန်စေရေး အတွက် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်းနှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားစေရေး အတွက်ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက မိမိတတ်စွမ်းသည့်ကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး တက္ကသိုလ်၏ သင်ကြားစီမံရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပျိုးပင်များဝေငှ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပွဲတော် အခမ်းအနားတွင် တက်ရောက်လာကြသူများအား ပျိုးပင်များဝေငှပေးစဉ်။ (ရန်ကုန်တိုင်း)

အသိပညာပေးဟောပြော

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်သန့်ရှင်းရေး အသိပညာပေးဟောပြောပွဲများကို ဇူလိုင် ၂၆ရက်က သာကေတမြို့နယ် အမက(၃၈)နှင့် အမက(၂၅)တို့တွင် ပြုလုပ်ရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ (၅၃)

ကိုယ့်အားကိုယ်ကိုး စေတနာမူလတန်းကျောင်းဆောင် ဆောက်လုပ်မှု တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဇူလိုင် ၂၅ရက်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ဆည်ကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စေတနာမူလတန်းကျောင်းဆောင် ဆောက်လုပ်မှုကို ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ မှာကြားသည်။

ညပိုင်းတွင် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မန္တလေးမြို့ရှိ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ် ခုနစ်မြို့နယ်မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တိုင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အသင်း၏ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို တင်ပြသည်။

ယင်းနောက် တိုင်းတွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က ခေါင်းဆောင်မှုပညာ ဒီပလိုမာသင်တန်း အတွေ့အကြုံများကို လည်းကောင်း၊ တိုင်းအလုပ် အမှုဆောင် ဦးတင့်လွင်ဦးက လူငယ်ရေးရာကဏ္ဍကို လည်းကောင်း၊ အလုပ်အမှုဆောင် ဦးအောင်ကျော်က ဒေသစီးပွားရေး အခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် **(ယာပုံ)** အသင်းဝင်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့၏အားများဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်း၍ ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားပြီး နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက် (၁၂)ရပ်အတိုင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)



ဆူးလေ ဝါတွင်းယမိုက်-ပဋ္ဌာန်းသင်တန်းပို့ချ

ရန်ကုန် ဇူလိုင် ၃၀

သံဃာတော်များအတွက် သီးသန့် ဝါတွင်းယမိုက်-ပဋ္ဌာန်းသင်တန်းများကို ဥပုသ်နေ့မှအပ နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်း သင်တန်းခန်းမ၌ ဓမ္မဒါနပို့ချလျက်ရှိရာ အထက်ယမိုက်ကျမ်းများကို ဆရာ ဦးကာစိ(မဟာအာဘိဓမ္မိကကလျာဏဉာဏဓဇ)က တနင်္လာနေ့နှင့် အင်္ဂါနေ့များတွင် လည်းကောင်း၊ အောက်ယမိုက်ကျမ်းများကို ဆရာဦးစိုးကြည်(မဟာအာဘိဓမ္မိကကလျာဏဉာဏဓဇ)က ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင်လည်းကောင်း၊ ပဋ္ဌာန်းကျမ်းကို ဆရာဦးတင်ထွဋ်(မဟာအာဘိဓမ္မိကဝိသိဋ္ဌကလျာဏ ဉာဏဓဇ)က စနေနှင့် တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိလည်းကောင်း ပို့ချလျက်ရှိသည်။ (က-ပ)

ညောင်ဦးမြို့နယ်ရှိ ရေတွန်းစက်နှင့် ရေလှောင်ကန်များ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇူလိုင် ၃၀

ညောင်ဦးမြို့နယ်တွင် ရောက်ရှိနေသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကံလှ လိုက်ပါလျက် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေပေးရေးလုပ်ငန်းအတွက် တာဝန်ယူဆောင်ရွက်နေသော ၄က်ပစ်တောင် ရေတွန်းစက်ရုံနှင့် ရေလှောင်ကန်များသို့ ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာများက ညောင်ဦးမြို့သို့ ရေပေးဝေမှုနှင့် ရေသိုလှောင်နိုင်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ ရေပိုက်များမှ ရေအလေအလွင့်မရှိစေရေး၊ လျှပ်စစ်မော်တာများတွင် မိုးကြိုးလွှဲများတပ်ဆင်ရေးနှင့် ရေပေးဝေချိန် မှန်ကန်ရေးတို့ကို ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တည်ဆောက်ဆဲ သန့်ရှင်းရေးဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲနှင့် လက်ရှိ ရေပေးရေးဝန်ထမ်း အိမ်ရာများကို ကြည့်ရှုစစ်ဆေး၍ လျှပ်စစ်မီးလိုင်းများ ပြန်လည်ပြုပြင်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် နဘူးတောကျေးရွာ အမှတ်(၃) ရေစက်ရုံနှင့် ရေလှောင်ကန်ကို လည်းကောင်း၊ တောင်ရှေ့ ရေဝေတိုင်နှင့် ရှင်မိန် ရေလှောင်ကန်ကို လည်းကောင်း၊ နပ္ပလင်ကျေးရွာရှိ ရေတွန်းစက်ရုံ အမှတ်(၅)ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးလိုင်းများပြုပြင်ရေး၊ ရေပိုက်များမှ ရေများ အလေအလွင့်မရှိစေရေး၊ ရေပေးဝေချိန် မှန်ကန်ရေးတို့ကို ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မျက်ခါးတောကျေးရွာ ရေလှောင်ကန်ကို ကြည့်ရှုပြီး ရေလှောင်ကန် ရေယိုမှုများကို ပြုပြင်ရန်နှင့် ရေလှောင်ကန် ပတ်ဝန်းကျင် ရေမဝပ်စေရန် ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် စက်စက်ယိုယိုကျေးရွာ ရေဝေတိုင်နှင့် ရေတွန်းစက်ရုံ အမှတ်(၁၀)သို့ ရောက်ရှိပြီး ရေခပ်သူများအတွက် ရေပိုက်ခေါင်းများ ပြုပြင်ပေးရန်၊ ရေလှည်းများအတွက် ရေပိုက်အဖွင့်အပိတ်များ ပြုပြင်ပေးရန်၊ တစ်ပြိုင်တည်း ရေစည်လှည်းသုံးစီး ရေယူနိုင်အောင် ရေထွက်များကို ပြန်လည်ပြုပြင်ပေးရန်နှင့် ရေအလေအလွင့် မရှိစေရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

သာသနာဒီပ သဲအင်းဂူတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃၀

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်တွင် မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ပိုင်း)နှင့် သာသနာဒီပဆရာတော် ဘဒ္ဒန္တသိရိန္ဒဆရာတော်တို့က ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေးတရားတော်များကို ဝါတွင်းပထမပတ် ဩဂုတ် ၅ရက်မှ ၁၄ရက်အထိ ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ဩဂုတ် ၄ရက် ညနေအရောက် ကြွရောက်ရန်နှင့် ဆွမ်းအလှူရှင်များလည်း စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အမှတ်(၉၅၇) ကုန္ဒာ(၁၂)လမ်း (ငှ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဦးမြအောင်က ငွေကျပ်နှစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေ ပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်း သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၃၀ရက်က ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(အငြိမ်းစား)က စစ်မှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်စဉ်။ (ကြေးမုံ)

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

ရန်ကုန် ဇူလိုင် ၃၀

ဆွမ်းသိမ်းအောင်ပွဲခံ အထိမ်းအမှတ်အဖြစ် မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် နယ်လှည့်သာသနာပြုဓမ္မကထိက ဘဒ္ဒန္တ ဝိမလသည် မော်လမြိုင်မြို့ သုသမာစာရမော်ကွန်းဓမ္မာရုံ၌ (လပြည့်ကျော် ၈ ရက်) ဇူလိုင် ၂၈ရက်၊ သာသနာ့ဗိမာန်တော်၌ ဩဂုတ် ၁၉ရက်၊ သီရိမြိုင်အတုလမာရ်အောင် ဘုရားပရိဝုဏ်အတွင်း၌ ဩဂုတ် ၂၇ရက်၊ ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပဋ္ဌာန်းဓမ္မာရုံတွင် စက်တင်ဘာ ၂ရက်၊ ဇိနမာန်အောင်ဘုရားဓမ္မာရုံတွင် စက်တင်ဘာ ၁၇ရက်၊ အပေါင်မြို့နယ် ဇင်းကျိုက်ဓမ္မဒါယီဓမ္မာရုံတွင် စက်တင်ဘာ ၂၂ရက်၊ ကျိုက္ခနဲရပ် ရွှေကြက်ယက်စေတီဓမ္မာရုံတွင် အောက်တိုဘာ ၂ရက်၊ ကျိုက်သုတ်ဘုရားဓမ္မာရုံတွင် အောက်တိုဘာ ၁၇ ရက်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (၃၀၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၅

(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ချည်မျှင်ရှည်ဝါ အထွက်တိုးနည်းပညာ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	(၂၃)ကြိမ်မြောက် SeaGames အကြိုတွေ့ဆုံမေးမြန်းခြင်း (ပိုက်ကျော်ခြင်း)
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်၏ နယ်လှည့်ပိုက်ကျော်ခြင်းစွမ်းရည်ပြပွဲ အကြောင်း
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	Sunday Talk
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	လျှပ်စစ်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	ပန်းပျိုးလက်
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ အပိုင်း(၁)
၁၀း၄၅	မေးသမျှဖြေရအောင် (ညွှန့်ဝင်း၊မင်းဟိန်း)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သားငါးကဏ္ဍ တိုးမြှင့်ရေး စပါးခင်းမှာ ငါးတွဲဖက်မွေး

အီရတ် အကျဉ်းသားများအား နှိပ်စက်မှု ကယ်လီဖိုးနီးယားအစောင့်တပ်ဖွဲ့ဝင်များ စစ်ဆေးခံရ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၉

အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ကယ်လီဖိုးနီးယား အမျိုးသားအစောင့်တပ်ရင်းမှ တပ်ဖွဲ့ဝင် ၂၃ဦးထက်မနည်း အီရတ်အကျဉ်းသားများအား နှိပ်စက်မှုနှင့် ဈေးဆိုင်ပိုင်ရှင်များအား ပြောက်ကျားများရန်မှ ကာကွယ်ပေးရန် ကတိပေးမှုအပါအဝင် အမေရိကန်ဒေါ်လာ ၃၀၀၀၀ ခြိမ်းခြောက်တောင်းယူမှုအတွက် စုံစမ်းစစ်ဆေးခံနေရပြီဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ် သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

ဘဂ္ဂဒက်မြို့တော်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ပြောက်ကျားများက ဇွန်လတွင် တိုက်ခိုက်ခဲ့ပြီးသည့်နောက် အီရတ်အကျဉ်းသားများအား နှိပ်စက်ကလူပြုရန်အတွက် ဒဏ်ရာမရစေဘဲ မူးရုံသာမူးစေသည့် သေနတ်ကို အသုံးပြုခဲ့သည့် ဖြစ်ရပ်ကို အလေးထားကာ စွဲချက်တင်ခဲ့ခြင်းဖြစ်သည်ဟု သတင်းစာက စစ်ဘက် ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တပ်ရင်းမှ အမည်မဖော်ပြလိုသည့် တပ်ဖွဲ့ဝင်များအား ကိုးကား၍သတင်းရေးသားခဲ့သည်။

ယင်းစွပ်စွဲချက်များတွင် အမှတ်(၁၈၄)ခြေလျင်တပ်ရင်းကြီး၊ အမှတ်(၁)တပ်ရင်းမှတပ်ဖွဲ့ဝင်များပါဝင်သည်။

ငွေခြိမ်းခြောက် တောင်းမှုနှင့် အကျဉ်းသားများအား နှိပ်စက်မှု ကိစ္စများကို စုံစမ်းမှု စတင်ပြုလုပ် နေသည်ဟု ကယ်လီဖိုးနီးယား အစောင့်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဒေးဗစ်ဘော်ဒွင်၏ အတည်ပြုပြောကြားချက်ကို သတင်းစာက ကိုးကားရေးသားခဲ့သည်။

ဒဏ်ရာမရဘဲ မူးစေရုံသာဖြစ်စေသည့် သေနတ်ကို နှိပ်စက်ရာတွင်အသုံးပြုသည်။ ထိုသို့နှိပ်စက်ရာ၌ လက်ထိတ်ခတ်ထားပြီး မျက်နှာကို အဝတ်ဖြင့် စည်းထားသည့် အကျဉ်းသားတစ်ဦးအား အသုံးပြုခဲ့ပြီး ဗီဒီယိုရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်းကို တပ်ဖွဲ့ဝင်တစ်ဦးက အဆိုပါသတင်းစာအား ပြောကြားသည်။

စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည့် ခြိမ်းခြောက်ငွေတောင်းမှု ကိစ္စတွင် ဘဂ္ဂဒက်ဒေသ ညကင်းလှည့်သူ တပ်ဖွဲ့ဝင်ခြောက်ဦးထက်မနည်း ပါဝင်နေကြပြီး ပြောက်ကျားများရန်မှ ကာကွယ်စောင့်ရှောက်ရန်အတွက် အလဲအလှယ်ပြုလုပ်သည့်အနေဖြင့် ဆိုင်ပိုင်ရှင်များထံမှ အမေရိကန်ဒေါ်လာ ၃၀၀၀၀ ကျော် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

အီရတ် အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်မှုဖြင့် စွပ်စွဲခံရသူများကို အစီအရီ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ဖော်ပြပါဖြစ်ရပ်သည် ထပ်မံပေါ်ပေါက်လာသော ဖြစ်ရပ်တစ်ခုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဆာမာဝါမြို့တွင် ကင်းလှည့်နေကြသော အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တပ်သားစုဆောင်းရေးဌာနအနီး ဗုံးဖောက်ခွဲ ၂၅ဦး သေဆုံးပြီး ၃၅ဦးဒဏ်ရာရဟုဆို

ဘဂ္ဂဒက် ဇူလိုင် ၃၀

အီရတ်နိုင်ငံမြောက်ပိုင်းရှိ အီရတ်စစ်သားစုဆောင်းရေးဌာနအနီးတွင် ဗုံးခွဲသူတစ်ဦးက ဖောက်ခွဲတိုက်ခိုက်သည့် အဖြစ်အပျက်တစ်ခု ယမန်နေ့က ဖြစ်ပွားခဲ့ရာ လူ ၂၅ဦး သေဆုံးပြီး ၃၅ဦးဒဏ်ရာရရှိခဲ့ကြောင်း အာရပ်ဘာသာဖြင့် ထုတ်လွှင့်သည့် အယ်လ်အာရေးဘီးယား ရုပ်သံသတင်းတွင် ထုတ်လွှင့်သွားသည်။

မိုဆူးလ်မြို့၏ အနောက်ဘက် ၈၀ကီလိုမီတာခန့်အကွာတွင် တည်ရှိသော ရာဘီးယားမြို့တွင် အဆိုပါ ဗုံးခွဲမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုမြို့သည် ဆီးရီးယားနယ်စပ်နှင့် မလှမ်းမကမ်းအရပ်တွင် တည်ရှိသောမြို့ဖြစ်သည်။

သေဆုံးရသူများမှာ အီရတ်တပ်ဖွဲ့သို့ ဝင်ရောက်နိုင်ရေးအတွက် စာရင်းပေးသွင်းရန် စောင့်ဆိုင်းနေကြသူ လူသစ်များဖြစ်သည်ဟု သတင်းက ဆိုသည်။

နိုင်ငံခြားကျူးကျော်သိမ်းပိုက်ရေးတပ်များ အီရတ်နိုင်ငံမှ ထွက်ခွာသွားချိန်တွင် ကိုယ့်နိုင်ငံလုံခြုံရေးကို ကိုယ်တိုင်တာဝန်ယူနိုင်စေရန် အီရတ်တပ်ဖွဲ့နှင့် ရဲတပ်သားသစ်များကို စုဆောင်းလေ့ကျင့်ပေးလျက်ရှိသည်။ အီရတ်တပ်ဖွဲ့အတွင်းဝင်ရောက်ရန် လစဉ်လတိုင်း တပ်သားအသစ် ၁၀၀၀မှ ၁၄၀၀ခန့်အထိ စာရင်းပေးသွင်းလျက်ရှိကြောင်း စစ်ဘက်မှလာသော သတင်းများမှ သိရသည်။

မကြာခဏတိုက်ခိုက်

အီရတ်အစိုးရအဖွဲ့သစ်ကို ယခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအစိုးရသစ်၏ အုပ်ချုပ်ရေးပျက်ပြားသွားစေရန်အတွက် ပြောက်ကျားများနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်တပ်ဖွဲ့ စုဆောင်းရေးစခန်းများနှင့် ရဲတပ်သားသစ်စုဆောင်းရေးဌာနများကို မကြာခဏ တိုက်ခိုက်လျက်ရှိကြခြင်း ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယ အနောက်ပိုင်းဒေသ ရေကြီး သေဆုံးသူဦးရေ ၉၀၀ နီးပါးရှိလာ

မွမ်ဘိုင်း ဇူလိုင် ၂၉

အိန္ဒိယနိုင်ငံ အနောက်ဘက်ပိုင်းရှိ မဟာရာစတြာပြည်နယ်တွင် မုတ်သုံမိုးသုံးရက်ကြာ သည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုများ နေရာအများအပြားတွင် ဆက်တိုက်ပေါ်ပေါက်ခဲ့သည့်အတွက် သေဆုံးရသူဦးရေမှာ ၉၀၀နီးပါးရှိလာပြီဖြစ်ကြောင်း ကယ်ဆယ်ရေးအရာရှိများက ယနေ့တွင် ပြောကြားသည်။

သေဆုံးသူဦးရေ၏ ထက်ဝက်ကျော်မှာ မွမ်ဘိုင်းဒေသမှဖြစ်သည်။ ထိခိုက်သေဆုံးသူများ၏ စာရင်းကို ကောက်ယူမှုများ မပြီးစီးသေးသည့်အတွက် သေဆုံးသူဦးရေမှာ ဆက်လက်မြင့်တက်လာစရာရှိသည်ဟု ကယ်ဆယ်ရေး အရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖရန်ကလင်းအပူပိုင်းမုန်တိုင်းဘာမူဒါကျွန်းမှသွေဖည်သွား မုန်တိုင်းလမ်းပြောင်းပြီး အင်အားလျော့ပါးလျက်ရှိ

မီယာမီ ဇူလိုင် ၂၉

ဖရန်ကလင်းအပူပိုင်းမုန်တိုင်းသည် ဘာမူဒါကျွန်းသို့ ဦးတည်နေရာမှ အားနည်းသွားပြီး အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့ ဗုဒ္ဓဟူးနေ့တွင်ဖြတ်သန်းသွားသည်ဟု ဟာရီကိန်းကြိုတင်ခန့်မှန်းသူများက ပြောကြားကြသည်။

အတ္တလန္တိတ် ဟာရီကိန်းရာသီ၏ ခြောက်ခုမြောက်ဖြစ်သော အဆိုပါဖရန်ကလင်းမုန်တိုင်းသည် အားပျော့သွားသည်ဆိုသော်လည်း တစ်နာရီလျှင် ၄၅မိုင်နှုန်းဖြင့် တိုက်ခိုက်နေဆဲဖြစ်သည်။ နောက်တစ်နေ့တွင် မုန်တိုင်းသည်အင်အားအနည်းငယ် များလာနိုင်သော်လည်း သောကြာနေ့တွင် မုန်တိုင်းသည် သမုဒ္ဒရာရေအေးစီးကြောင်းရှိရာသို့ ရွေ့လျားသွားမည်ဖြစ်၍ အင်အား လျော့နည်းသွားစရာရှိသည်ဟု ဆိုသည်။

ဘာမူဒါကျွန်းအနောက်-အနောက်မြောက်ဘက် ၂၆၅မိုင်ခန့်တွင် မုန်တိုင်းဗဟိုချက်ရှိနေခဲ့ပြီး ထိုနေရာမှ တစ်နာရီလျှင် ခြောက်မိုင်နှုန်းခန့်ဖြင့် မြောက်-အနောက်ကမြောက်ဘက်သို့ မုန်တိုင်းရွေ့လျားသွားမည်ဟုမိုးလေဝသကြိုတင်ခန့်မှန်းသူများက ပြောဆိုခဲ့သည်။ ယခုနှစ်၌ အတ္တလန္တိတ်ဟာရီကိန်းရာသီတွင် မုန်တိုင်းများ အဆက်မပြတ်ကျရောက်ပြီး ခြောက်ကြိမ်မြောက်ဖရန်ကလင်းမုန်တိုင်းနှင့်ခုနစ်ကြိမ်မြောက်ဂတ်မုန်တိုင်းတို့သည်မက္ကဆီကိုပင်လယ်ကွေ့တွင် ဖြစ်ပေါ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်တပ်ဖွဲ့များ အီရတ်မှ မြန်မြန်ဆန်ဆန်ရုပ်သိမ်းရေး အီရတ်ဝန်ကြီးချုပ် အယ်လ်ဂျာဖာရီ တိုက်တွန်း

ဘဂ္ဂဒက် ဇူလိုင် ၂၉

စစ်ကြောင့်ကြေပြုန်းနေသည့် အီရတ်နိုင်ငံမှ အမေရိကန် တပ်ဖွဲ့ဝင်များကို မြန်မြန်ဆန်ဆန် ရုပ်သိမ်းရန် အီရတ်ဝန်ကြီးချုပ် အယ်လ်ဂျာဖာရီက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့မှ အီရတ်တပ်ဖွဲ့သို့ စစ်ရေးအရ ထိန်းချုပ်မှုပြောင်းလဲပေးရေးဆိုင်ရာ အသွင်ကူးပြောင်းရေးကိစ္စအားညီညီညွတ်ညွတ်လုပ်ဆောင်ရန် အချိန်ရောက်လာပြီဟု ဂျာဖာရီက အီရတ်သို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် ပြောကြားသည်။

ပထမအချက်အားဖြင့် မိမိတို့သည် အီရတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုသင်တန်း ပေးမှု အရှိန်မြန်ဆန်အောင် လုပ်ဆောင်သင့်ကြောင်း၊ဒုတိယအချက်အနေဖြင့် လုံခြုံရေးအသွင်ကူးပြောင်းရေးအတွက် အမေရိကန်အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် အီရတ်အစိုးရအတွင်း ရင်းရင်းနှီးနှီး ညီညီညွတ်ညွတ် ညှိနှိုင်းကာ အစီအစဉ် ပြုလုပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရေးနှင့် ဆက်နွှယ်မှုမရှိသည့် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကိစ္စကြောင့် မိမိတို့ အံ့အားမသင့်မိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရန် တိကျသည့် အချိန်ဇယားမရှိသေးဟုရမ်းစဖဲလ်ကပြောကြားသည်။ သို့ရာတွင်၎င်းကယင်းကိစ္စနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန် ပြုလုပ်ရန် ဆန္ဒရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

အီရတ်နိုင်ငံသားများက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ဩဂုတ်လ ၁၅ ရက်မတိုင်မီ ရေးဆွဲနိုင်ရေးကိစ္စအတွက် ရမ်းစဖဲလ်က ဗုဒ္ဓဟူးနေ့တွင် ဘဂ္ဂဒက်သို့ ရုတ်တရက် ရောက်ရှိလာခြင်းဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံအနောက်ပိုင်း မဟာရာစတြာပြည်နယ်တွင် လမ်းများ ရေမြုပ်နေသည်ကို ဇူလိုင် ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်၁၇၈၆ဦး ရှိပြီ

ဝါရှင်တန် ဇူလိုင် ၂၈

၂၀၀၃ ခုနှစ် မတ်လ အီရတ်စစ်ပွဲ စတင်ခဲ့ချိန်မှ ယခုနှစ် ဇူလိုင် ၂၈ရက်အထိ အီရတ်နိုင်ငံတွင်သေဆုံးသောကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၇၈၆ ဦးရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတွင်ဖော်ပြသည်။

အီရတ်တွင်သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင်များအနက် ၁၃၈၀ ဦးမှာ ခုခံတိုက်ခိုက်သူများ၏ လက်ချက်ဖြင့်သေဆုံး ရခြင်းဖြစ်ကြောင်း၊ထိုကိန်းဂဏန်းတွင် အရပ်သားငါးဦးပါဝင်ကြောင်း စစ်တမ်းက ဆိုသည်။ အီရတ်စစ်ပွဲ စတင်ချိန်မှ ယခုနှစ် ဇူလိုင် ၂၈ ရက်အထိ အီရတ်တွင် သေဆုံးသော အခြားတပ်ဖွဲ့ဝင်များမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၂ ဦး၊ အီတလီ ၂၅ ဦး၊ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ ဦး၊ ဘူဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အက်စတိုးနီးယား၊ထိုင်းနှင့်နယ်သာလန်နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတစ်ဦးစီတို့ဖြစ်သည်။

အင်တာနက်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာန ဝန်ကြီး တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Suwat Liptapanlop နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းမြိုင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန ဌာနမှူး ရဲမှူးကြီးခမ်းအောင်နှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီး စစ်အေးတို့ တက်ရောက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ (Central Control Board-CCB) နှင့် ထိုင်းနိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးရုံး (Anti-Money Laundering Office- AMLO) တို့၏ ငွေကြေးခဝါချမှု အပါအဝင် ငွေကြေးဆိုင်ရာ ထောက်လှမ်းရေး သတင်းအချက်အလက်များ ဖလှယ်ရေး ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို ဆီဒိုးနားဟိုတယ် Grand Ballroom ၌ ကျင်းပရာ မြန်မာနိုင်ငံမှ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ထိုင်းနိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးရုံးမှ အထွေထွေ အတွင်းရေးမှူးချုပ် Pol. Maj. Gen Peeraphan Prempooti တို့က နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယမန်နေ့ မွန်းလွဲ ၂နာရီကလည်း အဆိုပါဟိုတယ် မင်းတုန်းခန်းမ၌ နှစ်နိုင်ငံ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပရာ မြန်မာနိုင်ငံဘက်မှ ရဲချုပ် ဦးဆောင်သည့် ဗဟိုထိန်းချုပ်ရေး အဖွဲ့ဝင်များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ဝင်များ ဦးဆောင်သည့် ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံဘက်မှ Pol. Maj. Gen Peeraphan Prempooti ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ထိုင်းနိုင်ငံမှ Pol. Maj.Gen Peeraphan Prempooti တို့က အဖွင့်အမှာစကားပြောကြားကာ နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် ငွေကြေးခဝါချမှုဆိုင်ရာ အတွေ့အကြုံများ၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Suwat Liptapanlop နှင့် အဖွဲ့ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ တွေ့ဆုံစဉ်။ (ပြည်ထဲရေး)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တောင်ငူ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီတွင် တောင်ငူတပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့် အရာရှိ၊ စစ်သည်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ လူသစ်တန်း အသင်းလိုက်ပြိုင်ပွဲ၊ အကြီးတန်း အသင်းလိုက်ပြိုင်ပွဲနှင့် အမြန်ရွှေ့ အသင်းလိုက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော အသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး စွယ်စုံတံခွန်စိုက်ဒိုင်းဆု ရရှိသွားသော မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သန်လျင်တပ်နယ်၌ကျင်းပရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ယှဉ်ပြိုင်ကြပြီး ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်က စွယ်စုံတံခွန်စိုက်ဒိုင်းဆု ရရှိသွားသော မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မုန်တိုင်းငယ် အိန္ဒိယကမ်းခြေကို ဝင်ရောက်ဖွယ်

ရန်ကုန် ဇူလိုင် ၂၀

ယနေ့ မြန်မာစံတော်ချိန် ၀၉း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ အနောက်တောင်ဘက် မိုင် ၁၇၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်ဆီသို့ ရွေ့လျားလျက်ရှိပြီး ယနေ့နံနက်မှ နောက် ၂၄နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ဘီလူး ဇာတ်ကားသစ် ရုံသုံးရုံ၌ ပြသ

ရန်ကုန် ဇူလိုင် ၂၀

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင် ဇာတ်ကားသစ် တစ်ကားဖြစ်သည့် ဟာသ သရုပ်ဆောင်များ ပါဝင် သရုပ်ဆောင်ထားကြသော **"ဘီလူး"** အမည်ရှိ ဟာသရုပ်ရှင်ဇာတ်ကားရုံတင်ပြသသည်။

"ဘီလူး"ဇာတ်ကား၏ ဇာတ်လမ်းကျောရိုးမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ကျော်ကာလ ကျေးလက်တောရွာလေးတစ်ရွာမှ ကျေးရွာသူ၊ ကျေးရွာသားများ၏ ဓလေ့စရိုက်ကို ဟာသစွက်၍ ခပ်သွက်သွက်ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ယခုသောကြာပတ် ဇူလိုင် ၂၉ရက်တွင် ရုံသုံးရုံ၌ ရုံဝင်လာသည့် ဒါရိုက်တာမီးပွား ရိုက်ကူးသော "ဘီလူး"ဇာတ်ကားသစ်မှ ဟာသသရုပ်ဆောင် ဗေလုဝ၊ ကင်းကောင်၊ ရောတို့၏ ဇာတ်ဝင်ခန်းကို တွေ့ရစဉ်။

လူစွမ်းကောင်းဖြစ်ရန် အစဉ်အမြဲစိတ်ကူးယဉ် အိပ်မက် မက်နေသော လူဦးနှင့် ဆေးမင်ကြောင်စုတ်ထိုးပေးသူ လူရုပ်လူပွေငပိန်တို့ ဆုံမိခဲ့ကြပြီးလူဦး၏ ရင်ဘတ်ထက်၌ ဘီလူးရုပ် ရေးဆွဲခဲ့ရာမှ **"ဘီလူး"**ဇာတ်လမ်း စတင်ခဲ့ခြင်းဖြစ်သည်။

ဘီလူးဇာတ်ကားကို ဒါရိုက်တာမီးပွားက ရိုက်ကူးထားပြီး ဗေလုဝ၊ ဇာဂနာ၊ သျှားညို၊ အောင်လွင်၊ ကင်းကောင်၊ ရော၊ ရတနာခင်၊ သန်းသန်းစိုးနှင့် တက္ကသိုလ်ငွမ်းပုံတို့ ပါဝင်ကြကာ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုပ်ရှင်ရုံတို့၌ ပြသလျက်ရှိသည်။

"အပြင်းစားရိုက်ချက်" ဆေးရောင်စုံဇာတ်ကားမှ ရောနှင့် ကင်းကောင်တို့၏ သရုပ်ဆောင်ဟန်တစ်ကွက်။ (ကြေးမုံ)

အပြင်းစားရိုက်ချက်

ထို့အတူဒါရိုက်တာ မိုက်တီး ရိုက်ကူးပြီး သရုပ်ဆောင် လွင်မိုး၊ ခင်လှိုင်၊ တင့်တင့်ထွန်း၊ ထွန်းထွန်းနိုင်၊ ရော၊ မိုးဒီနှင့် ကင်းကောင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် **"အပြင်းစားရိုက်ချက်"** ဇာတ်ကားကို ဇူလိုင် ၂၉ရက် သောကြာပတ်မှ စတင်၍ နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသနေသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် -ဘူတံဘူတတောပဿတိ**
- ၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉း၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Sources of Law. (ပထမနှစ်-ဥပဒေပညာ)
- ၄း၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့၏ သစ္စာနယ်မြေ" (အပိုင်း-၇)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ မဟော်ဩနန်းတော်
- ၁၆။ **အရှင်ဇနကာဘိဝံသထေရုပတ္တိ -ဘဝနေနည်းရွှေ့ခရီးမှာ**
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၃၃) (ဇာတ်သိမ်း)**
- ၁၉။ သင့်အတွက်မနက်ဖြန်
- ၂၀။ အပိတ်နှုတ်ဆက်စကား
- ၂၁။ ပြီးပါပြီ။

မူးယစ်ကင်းမဲ့နိုင်ငံမှ ဒေသတွင်း မူးယစ်ကင်းမဲ့ရေးသို့

ခြင်ကျား(မအူပင်)

"ဘိန်းပင်"ကို အီဂျစ်လူမျိုးများ စတင်တွေ့ရှိခဲ့ကြပြီး အီဂျစ်မှ ဂရိနိုင်ငံ၊ ဂရိမှ အာရှမိုင်းနားသို့ ပြန့်ပွားရောက်ရှိကာ ထိုဒေသတွင် ဘိန်းစိုက်ပျိုးမှုလုပ်ငန်း ထွန်းကားခဲ့သည်။ အာရပ်ကုန်သည်များ သယ်ဆောင်မှုကြောင့် **"ဘိန်း"**သည် အာရှတိုက်အစွန်အဖျားအထိ ရောက်ရှိလာခဲ့သည်။ ဘိန်း၏ဆိုးကျိုးကိုသိလျက် ဘိန်းမှရရှိသော အခွန်အကောက်များကိုမက်၍ ဘိန်းရှူခွင့်နှင့် စိုက်ပျိုးခြင်းကို ခွင့်ပြုခဲ့သူမှာ နယ်ချဲ့တို့ဖြစ်၏။ စစ်အေးကာလတွင် ဝါဒတစ်ခုကို တိုက်ဖျက်ရေး အတွက် **"ဘိန်း"**ကို လူသားမျိုးနွယ် ပြုန်းတီးရေးလက်နက်အဖြစ် အသုံးပြုခဲ့ကြပြန်သည်။ ဤမျှ ဆိုးကျိုးကိုပေးခဲ့သော **"ဘိန်း"**ကို ဆက်လက် ရှင်သန်ခွင့်ပြုခဲ့ကြသဖြင့် နည်းပညာဖွံ့ဖြိုးလာသော မျက်မှောက်ကာလတွင် ဘိန်းသည် မူးယစ်ဆေးဝါးအဖြစ် အသွင်ပြောင်းလျက် လူသားမျိုးနွယ်များအား ခြိမ်းခြောက်ခဲ့လေသည်။

ယခုအခါ ဘိန်းကို အခြေခံထုတ်လုပ်သော ဟယ်ရိုအင်းခေါ် ဘိန်းဖြူ၊ ဓာတုဗေဒနည်းဖြင့်ဖော်စပ်သော မူးယစ်ဆေးဝါးများ၊ လှုံ့ဆော်မှဲ့အာရုံကို ဖြစ်ပေါ် စေသော ဆေးဝါးများ၊ မာဗီကျူရိတ်ခေါ် အိပ်ဆေးများ၊ ဖြေသိမ့်ဆေးများ၊ လှုံ့ဆော်ဆေးများ ထုတ်လုပ်လာကြကာ လူသားတို့အား ဒုက္ခပေးလျက်ရှိသည်ကို တွေ့ကြရသည်။

စိတ်ကြွရူးသွပ်ဆေးကဲ့သို့သော ဓာတုဗေဒဖြင့် ပြုပြင်ဖန်တီး ထုတ်လုပ်ထားသည့် မူးယစ်ဆေးဝါးများ ပြဿနာကြီးထွားလာမှုနှင့် ပတ်သက်၍ ဒေသအတွင်းရှိ နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်သည်။ ဤစိတ်ကြွရူးသွပ်ဆေး ပြဿနာသည် ဘိန်းအခြေခံ ဆေးဝါးများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပြဿနာများနှင့် လုံးဝကွာခြားလေသည်။

မြန်မာနိုင်ငံတွင် ဓာတုဆေးဝါးများထုတ်လုပ်သည့် စက်မှုလုပ်ငန်း မရှိသဖြင့် မူးယစ်ဆေးဝါးများ ပြုလုပ်ရန် အစပြု ဓာတုဆေးဝါးများသည် အိမ်နီးချင်းနိုင်ငံ အချို့၏ တရားမဝင်စီးကြောင်းမှ ဝင်ရောက်လာသည်ကို တွေ့ရသည်။ အစောပိုင်းကာလများကပင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါး နှင့် မှုခင်းဆိုင်ရာရုံး(UNODC)မှ နည်းပညာနှင့်အကူအညီများ ရယူလျက် တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဖြေရှင်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဓာတုဗေဒပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်၊ အိန္ဒိယ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးရုံးတို့နှင့် ပူးပေါင်းလျက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ရင်ဆိုင်ရသော ပြဿနာများ၊ သတင်းအချက်အလက်နှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၂၀၀၃ ခုနှစ် မတ်လကုန်ကလည်း မိုးရေးမြို့တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးရုံး၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဥပဒေ အကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများ ပူးတွဲလျက် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ မြန်မာနှင့် ထိုင်းနိုင်ငံအကြား အခြေခံနှင့် ဗဟိုအဆင့် နယ်စပ်ဆိုင်ရာ အစည်းအဝေးများတွင် သတင်းအချက်အလက်များ ဖလှယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းများနှင့် နယ်စပ်ဒေသ ဆက်သွယ်ရေးရုံးများ ဖွင့်လှစ်နိုင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

၂၀၀၅ ခုနှစ် မေလ ၁၉ ရက်နေ့ကလည်း ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နိုင်ငံတကာ ညီလာခံ အကြို ညှိနှိုင်းအစည်းအဝေးနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်းများဖြစ်သည့် MoU ခြောက်နိုင်ငံတို့အား ပေါင်းစည်း၍ ဒေသခွဲအတွင်း မူးယစ်ကင်းမဲ့ဒေသဖြစ်လာစေရန် ပူးပေါင်းတိုက်ဖျက်မှုကို ဖော်ဆောင်နိုင်လျက်ရှိသည့်အပြင် UNODC ၏နည်းပညာပံ့ပိုးမှု၊ အလှူရှင်နိုင်ငံများ၏ ပံ့ပိုးမှု၊ MoU နိုင်ငံများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မှုတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရသည်။

၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၁ ရက်နှင့် ၁၂ ရက်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်မှု ဆန့်ကျင်တိုက်ဖျက်ရေးအတွက် ဓာတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင် ရောင်းဝယ်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံ ဖြစ်ပေသည်။ ယင်းမတိုင်မီ ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကပင် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါး ၁၀၂ မျိုးအား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများအဖြစ် ကြေညာခဲ့သည်။

ယခုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၂) ဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ၂၅ မျိုးကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင်လည်း ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ကျင်းပပြီးစီးခဲ့သော အလုပ်ရုံဆွေးနွေးပွဲကြီးတွင် တရားမဝင် မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား (ATS)၊ အထူးသဖြင့် မက်သာအက်ဖက်တမင်းနှင့် အက်စတာဆီ (MDMA)များ ထုတ်လုပ်ရာတွင် အရေးပါသည့် ဓာတုပစ္စည်းများ တရားမဝင် လမ်းကြောင်းပြောင်းလဲမှုကို တားဆီးကာကွယ်ရန်အတွက် ဓာတုပစ္စည်း စက်မှုလုပ်ငန်းရှင်များက အစိုးရအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့၏ ဆန္ဒအလျောက် သဘောတူခဲ့ကြသည်ဟု သိရသည်။

မူးယစ်ဗဟိုအဖွဲ့ဝင် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားရာတွင် **"ဓာတုပစ္စည်းများကို ကုန်ထုတ်လုပ်ငန်းများတွင် နေ့စဉ်အသုံးပြုနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့်အတွက် အဓိကအရေးပါသော ဓာတုပစ္စည်းများကို နိုင်ငံတကာက ယခုကဲ့သို့ ကြီးကြပ်ထိန်းချုပ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့အရေးပါသော ဓာတုပစ္စည်းများကို သတ်မှတ်ထိန်းချုပ်ခြင်း၏ ရည်ရွယ်ချက်များမှာ ဓာတုပစ္စည်းလုပ်ငန်းရှင်များက တရားဝင်တင်သွင်းသယ်ဆောင်ပြီး ကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို တရားမဝင်သည့် မူးယစ်ဆေးဝါး (သို့မဟုတ်) စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ ချက်လုပ်သည့်နေရာကို လမ်းကြောင်းပြောင်းလဲရောက်ရှိမသွားအောင် ဝိုင်းဝန်းထိန်းချုပ်သွားရန် တာဝန်ရှိသကဲ့သို့ အသိတရားဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။**

ဤဆွေးနွေးပွဲတွင် တရားဝင်ကုန်သွယ်မှုပြုလုပ်သည့် အရေးပါသော ဓာတုပစ္စည်းများကို တရားမဝင် လမ်းကြောင်းသို့ မရောက်ရှိရေး ကြိုတင်ကာကွယ်ရာတွင် အစိုးရအဖွဲ့အစည်းနှင့် လုပ်ငန်းရှင်များ၏အကြား မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်သွားရမည်ဆိုသည့်အချက်ကို ဖော်ထုတ်ဆွေးနွေး အဖြေရှာရမည်ဖြစ်ကြောင်း" စသည်ဖြင့် အဓိကအရေးပါသော ဓာတုပစ္စည်းများကို နိုင်ငံတကာမှ ထိန်းချုပ်ရခြင်း အကြောင်းရင်းနှင့် အဆိုပါ ဓာတုပစ္စည်း လမ်းကြောင်းပြောင်းလဲရောက်ရှိမသွားရေး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ပြောကြားသွားခဲ့ပါသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲသို့ ဓာတုပစ္စည်းစက်မှုလုပ်ငန်းများ၊ ဆေးဝါးစက်ရုံများနှင့် ဓာတုပစ္စည်း ကုန်သွယ်ရောင်းဝယ် ဖြန့်ဖြူးသည့် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းမှ အဆင့်မြင့် စီမံခန့်ခွဲသူများနှင့် တာဝန်ရှိသူများ၊ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီဝင်များ၊ လုပ်ငန်းဆက်စပ်သည့် အစိုးရဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်ဟု သိရပါသည်။

ထိန်းချုပ်ဓာတုပစ္စည်းများကို တရားဝင်ကုန်သွယ်မှုပြုလုပ်ရာမှ တရားမဝင်လမ်းကြောင်းသို့ ပြောင်းလဲရောက်ရှိခြင်းများသည် ကမ္ဘာလုံးဆိုင်ရာပြဿနာပင်ဖြစ်သည်။ အရှေ့အာရှတွင် စိတ်ကြွရူးသွပ်ဆေး ထုတ်လုပ်သည့် တရားမဝင်ဓာတ်ခွဲခန်းများကို အချို့နိုင်ငံများ၌ ဖမ်းဆီးရမိမှုများ တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေး (ATS) ထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းကြောင်းပြောင်းလဲမှုကို အထူးအာရုံစိုက်ရန် လိုအပ်လာသည်။

ဓာတုပစ္စည်းများကို တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိရာ ဓာတုပစ္စည်း စက်မှုလုပ်ငန်းနှင့် ဆေးဝါးစက်မှုလုပ်ငန်းများမှ တရားဝင်ကုန်သွယ်မှု ပြုလုပ်နေသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်သူများက ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားခြင်းမရှိသည့် အသိပညာနည်းသော ကုမ္ပဏီ၊ လုပ်ငန်းရှင်များထံမှ လိုအပ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းကြမည်ဆိုသည့်အချက်ကို အလေးအနက်ထား စဉ်းစားသုံးသပ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဓာတုပစ္စည်းများ လမ်းကြောင်းပြောင်းလဲ သယ်ဆောင်တတ်ကြောင်း နားလည်သဘောပေါက်မှုကို တိုးမြှင့်ရန် လုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းအကြား ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသော ကိစ္စပင် ဖြစ်သည်။

UNODC ၊ စက်မှုလုပ်ငန်းရှင်နှင့် အစိုးရအဖွဲ့အစည်းတို့သည် ထိန်းချုပ်ဓာတုပစ္စည်း လမ်းကြောင်းပြောင်းလဲမှုကို ကာကွယ်တားဆီးရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းကို တားဆီးနှိမ်နင်းရေးတွင် ဓာတုပစ္စည်းစက်မှုလုပ်ငန်းရှင်များ၏ အရေးပါမှုကို အသိပညာပေးရေး ဗီဒီယိုသင်တန်းအစီအစဉ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ အဆိုပါ ဒီဗွီဒီသည် အသက်ဝင်သည့် လှုပ်ရှားဓာတ်ပုံများ၊ နောက်ခံစကားပြောနှင့် ပြကွက်များ၊ အသံအထူးပြုလုပ်ချက်များဖြင့် အရည်အသွေးမြင့်မြင့် ထုတ်လုပ်ထားသည်ဟု သိရသည်။ ထိုအစီအစဉ်တွင် သင်ကြားမှုအထောက်အကူပစ္စည်းဖြစ်သည့် လက်ကိုင်စာအုပ်များကို UNODC က ထောက်ပံ့ပေးခဲ့သည်။ သက်ဆိုင်သည့် ဌာနဆိုင်ရာနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအား သင်တန်းပေးခြင်းဖြင့် ဓာတုပစ္စည်းလုပ်ငန်းရှင်များ၏ အသိပညာတိုးပွားလာမည် ဖြစ်သည်။

ဇူလိုင်လ ၁၁ ရက်နှင့် ၁၂ ရက်များတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ဓာတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းတို့ ပူးပေါင်း၍ တရားမဝင် မူးယစ်ဆေးဝါးကို တိုက်ဖျက်ရာ၌ ဆောင်ရွက်ရမည့် အောက်ပါအရေးကြီးလုပ်ငန်းများကို သဘောတူမူကြမ်းရေးဆွဲနိုင်ခဲ့ကြသည်-

- **ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ အမျိုးသား ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း။**
- **ဓာတုပစ္စည်းလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းကြောင်းပြောင်းလဲမှုကို ကာကွယ်တားဆီးရန် ကြိုးပမ်းရာတွင် မိမိတို့လုပ်ငန်း၊ ကုမ္ပဏီ တစ်ခုချင်းအလိုက် (Code of Conduct) များ ရေးဆွဲရန် အခြေခံရမည့် (မူကြမ်း)ကို ရေးဆွဲအတည်ပြုခြင်း။**
- **တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှု တားဆီးနှိမ်နင်းရေးတွင် ဓာတုပစ္စည်းစက်မှုလုပ်ငန်းရှင်များ၏ အရေးပါမှုကို အသိပညာပေးရေး DVDသင်တန်း အစီအစဉ်အား ကုမ္ပဏီ လုပ်ငန်းရှင်များအပိုင်းမှ စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရန်** ဟု

သဘောတူညီခြင်းတို့ကို အလုပ်ရုံဆွေးနွေးပွဲကြီးမှ သတ်မှတ်နိုင်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ် အထိ ငါးနှစ်စီမံကိန်းသုံးခုဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုစီမံကိန်းကြီးနှင့်အတူ ၂၀၀၂ ခုနှစ် ဧပြီလမှ စ၍ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး **"ပန်းတိုင်သစ်"** စီမံကိန်းကို ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုပါ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသော အစီရင်ခံစာ၌ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့ကို နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်းနှင့် လွန်ခဲ့သောရှစ်နှစ်ကထက် ဘိန်းထုတ်လုပ်မှု တန် ၂၅၆၀ မှ ၂၉၂ တန် သို့ ကျဆင်းခဲ့သဖြင့် ၈၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် စင်စစ်အားဖြင့် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သည်။ ယင်းဆိုးမွေကြီးကို မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းရင်းသားလူမျိုးများ အပါအဝင် အမျိုးသားရေးအင်အားစုများ၏ ပူးပေါင်းမှုဖြစ်သော ကိုယ်ပိုင်စွမ်းအားများဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ လည်းကောင်း တိုက်ဖျက် ချေမှုန်းလျက်ရှိသည်။ မျက်မှောက်ကာလ မူးယစ်ဆေးဝါး အန္တရာယ်သည် နိုင်ငံတကာ ကြုံတွေ့ရသည့် ပြဿနာဖြစ်၍ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပေသည်။

ယခုအခါ မြန်မာနိုင်ငံသည် မူးယစ်ကင်းမဲ့နိုင်ငံမှသည် ဒေသတွင်း မူးယစ်ကင်းမဲ့ရေးသို့ ဆောင်ရွက်နေပြီဖြစ်သဖြင့် အောင်မြင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များကို မျက်ဝါးထင်ထင် တွေ့မြင်နေရပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

မူးယစ်ဆေးဝါးအန္တရာယ်သည် စင်စစ်အားဖြင့် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သည်။ ယင်းဆိုးမွေကြီးကို မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းရင်းသားလူမျိုးများ အပါအဝင် အမျိုးသားရေး အင်အားစုများ၏ ပူးပေါင်းမှုဖြစ်သော ကိုယ်ပိုင်စွမ်းအားများဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ လည်းကောင်း တိုက်ဖျက် ချေမှုန်းလျက်ရှိသည်။ မျက်မှောက်ကာလ မူးယစ်ဆေးဝါး အန္တရာယ်သည် နိုင်ငံတကာ ကြုံတွေ့ရသည့် ပြဿနာဖြစ်၍ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပေသည်။

● **ရွှေဖုံးမှ**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလယ်တောရစံပြစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အလယ်တောရစံပြစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် အလယ်တောရစံပြစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ငါးပါး သီလ ခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ပရိသတ်တို့က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အလယ်တောရစံပြစာသင်တိုက် ပဓာန နာယက ဆရာတော်ထံမှ ငါးပါး သီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၃၀

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီခွဲက ကွမ်းခြံကုန်းမြို့ မဟာတိလောက မုန်ကူသွန်းဘုရားကြီး၌ ကျင်းပရာ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်အသင်းကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ခိုင်က မဟာတိလောက မုန်ကူသွန်းဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ထွန်းက လက်ခံရယူသည်။

(က–ပ)

လှူဒါန်း

ကွမ်းခြံကုန်းမြို့နယ် အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်က အလှူငွေကျပ် ငါးသောင်းကို ဂေါပကအဖွဲ့ဝင် ဦးတင်ထွန်းသို့ လှူဒါန်းစဉ်။

(က–ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် ဇူလိုင်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)(၃၁–၇–၂၀၀၅)ရက်နေ့

၂၀၀၅ ခုနှစ်၊ ဩဂုတ်လအတွက်

(၁၄–၈–၂၀၀၅)ရက်နေ့

နှင့်

(၂၈–၈–၂၀၀၅)ရက်နေ့

ကပ္ပိယကာရက သင်တန်း

ရန်ကုန် ဇူလိုင် ၃၀

ရှင်သာမဏေဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က ကပ္ပိယကာရက သင်တန်းကို ဓမ္မဒါနအဖြစ် ဩဂုတ် ၆ရက်မှ စက်တင်ဘာ ၄ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၃နာရီမှ ၄နာရီခွဲ အတွင်း ဖွင့်လှစ်မည်ဖြစ်ပြီး ပိဋကတ်ပညာရှင် ဦးတင့်ဝေနှင့် ဦးထွန်းရွှေတို့က ပို့ချပေးမည်ဖြစ်ရာ ရှင်သာမဏေ ဓမ္မဗိမာန် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်၊ ဖုန်း– ၃၈၇၃၆၁ တွင် စာရင်းသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

လှူဖွယ်ပစ္စည်းဆက်ကပ်

ပုဂံအာနန္ဒာဘုရားအနီး ရတနာမာန်အောင်ကျောင်းတွင် ပုဂံဘုန်းတော်ကြီးကျောင်း ၇၂ကျောင်းမှ သံဃာ ၁၀၈ပါးတို့အား ပထမအကြိမ်အဖြစ် ဇူလိုင် ၂၀ရက်က သာကေတမြို့နယ် သာသနရက္ခိတမိသားစုက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။ (၄၃)

ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာ (၁၅)ရပ်ကွက် သာသနာ့အမှတ်(၆)ဝိုင်း (၁)လမ်းရှိ သစ္စာဒီပက ဓမ္မရိပ်သာတွင် တရားစခန်းကို ဩဂုတ် ၉ရက်မှစ၍ ခုနစ်ရက်ကျင်းပမည်ဖြစ်ရာ သစ္စာဒီပကဝိပဿနာ နာယကကြီး ကမ္မဋ္ဌာနာစရိယ ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာ စရိယ (ဓမ္မာစရိယ)ဆရာတော် အရှင်ဣန္ဒောဘာသအရှင်သူမြတ်က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများသည် ဩဂုတ် ၈ရက် ညနေ အရောက် ကြွရောက်ကြရမည်ဖြစ်သည်။ ဆွမ်း၊ ကွမ်းလှူဒါန်းလိုသူများ အကျိုးဆောင်များနှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

အမှာစကားပြောကြား

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့်ကာကွယ်ရေး" လူထု အစည်းအဝေးတွင် သဘာပတိ ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင် နိုင်ငံရေးအင်အားစီးပွားရေး
နိုင်ငံရေးအင်အားကောင်းလျှင် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး ေ

❒ **ကျောဖုံးမှ**

ထို့နောက် သဘာပတိ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့သည် အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံတော်တည်ဆောက်ရေးစိတ်ဓာတ်တို့ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ၊ အောင်မြင်မှုရလဒ်များဖြစ်ထွန်းနေသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းလာနိုင်သည်နှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ အစိုးရနှင့် ပြည်သူတို့ လက်တွဲညီညီဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်ကြီးကို လက်တစ်ဆုပ်စာ လူတစ်စုနှင့် ပြည်ပနိုင်ငံအချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် အခြားအကြောင်းပြချက်များဖြင့် ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် ဝေဖန်နေမှုများဖြင့် ၎င်းတို့လိုလားသည့် ပုံစံ ရုပ်လုံးပေါ်လာစေရန် ဖိအားပေးအကျပ်ကိုင် လုပ်ဆောင်နေခြင်းများသည် နိုင်ငံတကာကျင့်ဝတ်သိက္ခာနှင့် မကိုက်ညီသည့် ပြုမူလုပ်ဆောင်နေမှုများအဖြစ် တွေ့မြင်နေကြရမှာဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ တိုင်းရင်းသားပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသဖြင့် တိုင်းရင်းသားပြည်သူများအတွက် ခါးသီးဖွယ်အဖြစ်ဆိုးများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း။

ဟန်ချက်ညီညီဆောင်ရွက်

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆောက်ရာတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားများကို ဟန်ချက်ညီညီ တောင့်တင်းမြင့်မားအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံရေးအင်အားကောင်းလျှင် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေခံ ရေခံကောင်းများဖြစ်ပေါ်လာကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေကြောင်း။

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့ စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့်ပတ်သက်၍ ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်ဝင်းမာရွှေ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စီးပွားရေးအင်အားကောင်းလာပြီဆိုလျှင် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားကိုပါ တည်ဆောက်နိုင်မှာဖြစ်ပြီး ကာကွယ်ရေးအင်အား တောင့်တင်းလာသည်နှင့်အမျှ နိုင်ငံရေးအင်အားကိုပါ အကျိုးပြုပြီး ယင်းကမှတစ်ဆင့် အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများပါ ခိုင်မာလာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးတို့သည် အပြန်အလှန်အမှီသဟဲပြုနေကြကြောင်း၊ ယင်းအထဲတွင် စီးပွားရေးခိုင်မာတောင့်တင်းရန် အထူးအရေးကြီးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ ကဏ္ဍများစွာကို တောင့်တင်းခိုင်မာစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်စဉ်စီမံကိန်းများ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ကြရမှာဖြစ်ကြောင်း။

အထူးဂရုပြု

နိဂုံးချုပ်အားဖြင့် မိမိနိုင်ငံ၊မိမိလူမျိုးတို့၏ သမိုင်းအစဉ်အလာ၊ ကိုယ်ပိုင်အမျိုးသားစရိုက်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ထူထောင်ရန်ကြိုးပမ်းနေသည့်အချိန်တွင် လွတ်လပ်သည့် ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်ကို ထိပါးစေသော ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ဟူသမျှကို အထူးဂရုပြု သိမြင်ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမှုဟူသမျှ၊ ပြည်ထောင်စုကြီးပြိုကွဲစေရန် ကြံစည်မှုဟူသမျှကို ပြည်သူ့သဘောထား(၄)ရပ်တွင် ပါသည့်အတိုင်း ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ဟူသမျှကို ဘုံရန်သူအဖြစ် သတ်မှတ်ကာ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်အလုပ်အမှုဆောင် ဒေါ်ဝင်းမာရွှေက **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံသည် ရာစုနှစ်ပေါင်းများစွာကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ (၁၉)ရာစုနောက်ပိုင်းတွင် နယ်ချဲ့ကျူးကျော်စစ်ဖြင့် ကိုလိုနီပြုခံရပြီး အချုပ်အခြာအာဏာလွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း၊ ပြည်သူများ၏ စုစည်းညီညွတ်မှု အင်အားနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်တို့ဖြင့် ကြိုးပမ်းခဲ့၍ ၂၀ရာစု အလယ်လောက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရရှိခဲ့ကြောင်း၊ နှစ်ပေါင်း၁၀၀ကျော် လွတ်လပ်ရေးနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အားလုံးနိမ့်ပါးဖျက်ဆီးခံရပြီး အမျိုးသားရေးလက္ခဏာ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးခဲ့ရခြင်းမှာ အတိတ်၏ ခါးသီးသည့်အတွေ့အကြုံများပင်ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူများ၏ သဘောထားမှာ ငြိမ်းချမ်းစွာနေထိုင်ရေး၊ စားဝတ်နေရေးဖူလုံရေး၊ လူနေမှုအဆင့်အတန်းတိုးတက်သည်ထက် တိုးတက်စွာ နေလိုရေးတို့ပင်ဖြစ်ကြောင်း၊ ဤသည်တို့မှာ ပြည်သူတို့၏ ဦးနှောက်အသိ၊ ဘဝအသိနှင့် ရင်ထဲနှလုံးထဲက ခံစားချက်များ ပေါင်းစပ်ဖြစ်ပေါ်လာသော ဆန္ဒများ၊ သဘောထားအမြင်များပင်ဖြစ်ကြောင်း၊ ပြည်သူတို့၏သမိုင်းစဉ်တစ်လျှောက်ဖြတ်သန်းလာခဲ့ရသော အတိတ်နှင့်မျက်မှောက်ကာလ ကြုံတွေ့နေရသောအနေအထားတို့ကို နှိုင်းယှဉ်ကြည့်ပါက အနာဂတ်တွင် မည်သို့ဖြစ်လာစေချင်သည်ကို တွေးခေါ်မြော်မြင်နိုင်မှာဖြစ်ကြောင်း။

ပြင်းပြသည့်ဆန္ဒ

ပြည်သူတစ်ရပ်လုံး၏ လိုလားချက်အမှန်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန်ပြင်းပြသည့် ဆန္ဒရှိနေကြခြင်းဖြစ်ကြောင်း၊ ပြည်သူတို့၏ဆန္ဒသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး ဖြစ်သည့်အတွက် နိုင်ငံတော်က ပြည်သူတို့၏ဆန္ဒအတိုင်း အရှိန်အဟုန်မြှင့် ဖော်ဆောင်ပေးနေသည်ကို အများကတွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်အစိုးရသည် နိုင်ငံတာဝန်ကို ယူရသည့်အချိန်ကစပြီး စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေး အကောင်အထည်ဖော်ရင်း အမျိုးသားစီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရန် အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများပေါ်ထွန်းလာစေရန် အကောင်အထည်ဖော်လျက်ရှိကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူအများစုက အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အပြုနှင့်အဖျက်စသော သဘောတရားများကို မှန်မှန်ကန်ကန်ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိပညာကြွယ်ဝမှုရှိရန် လိုအပ်လှကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များရရှိစေရန် နိုင်ငံတော်အစိုးရက နေ့စဉ်နှင့်အမျှ ပုံဖော်၍ လမ်းခင်းကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

အသံကောင်းဟစ်

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ် ဒေါ်ဖြူပြာစိုးက ဆက်လက်ဆွေးနွေးတင်ပြရာတွင် အဖျက်သမားများဖြစ်ကြသည့် ABSDF၊ NCGUB၊ FTUB အဖွဲ့များသည် နယ်စပ်မှာကျန်ရှိသည့် သောင်းကျန်းသူများကို မဟာမိတ်ဖွဲ့ လက်တွဲပြီး နိုင်ငံတော်အစိုးရကို လက်နက်ကိုင်ဆန့်ကျင်သည့်လုပ်ရပ်၊ လေယာဉ်ပျံ ပြန်ပေးဆွဲသည့်လုပ်ရပ်၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးကို ဝင်စီးပြီး ဓားပြတိုက်သည့်လုပ်ရပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓစွယ်တော်မြတ် အပူဇော်ခံပွဲတော်ကြီးကို ဗုံးခွဲသည့်လုပ်ရပ်၊ ဧပြီ၂၆ရက်တွင် မန္တလေးမြို့ ဈေးချိုတော်ကြီး၏ မြေညီထပ်(စီ)ရုံနှင့် (ဒီ)ရုံကြား ဗုံးဖောက်ခွဲမှုလုပ်ရပ်၊ မကြာသေးသည့် မေ၇ရက်က ရန်ကုန်မြို့ လူစည်ကားရာ ကုန်တိုက်ကြီးများနှင့် မြန်မာ–ထိုင်း ကုန်စည်ပြပွဲတွင် အကြမ်းဖက် ဗုံးဖောက်ခွဲမှုလုပ်ရပ်များ လုပ်ဆောင်ခဲ့မှုများကြောင့် လူအများအပြား သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြကြောင်း၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂဆိုသည့် FTUB အဖွဲ့သည် လက်တစ်ဆုပ်စာဖြင့် ဖွဲ့စည်းထားသည့် အင်အားမရှိသော အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးကို ကိုယ်စားပြုသယောင်လုပ်ပြီး ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတကာ၏ထောက်ပံ့ကြေးငွေကို လက်ဝါးဖြန့်တောင်းခံ၍ ကောင်းအောင် အသံကောင်းဟစ်နေခြင်းသာဖြစ်ကြောင်း။

ဆွေးနွေးတင်ပြ

"ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့ စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" နှင့် ပတ်သက်၍ ပဲခူးတိုင်း အမျိုးသမီး ရေးရာအဖွဲ့ ကိုယ် စား လှယ် ဒေါ်ဖြူပြာစိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ေ

မိမိတို့နိုင်ငံသည် ရှေးယခ
ဖြင့် နေထိုင်ပြီး မိမိလူမျိုး၊ မိမိ
ကြသူများ ဖြစ်သည့်အတွက် ဝင်
ပြောကြားလိုကြောင်း၊ ပြည်သူ
မဟုတ်၊ ရရှိထားသည့် ငြိမ်းချမ်
များကို ထိပါးနှောင့်ယှက်နေသ
သား ပြည်သူတစ်ရပ်လုံးက ချေ
များ၊ လက်ကျန်သောင်းကျန်း
ဖောက်များကိုလည်း ပြည်ပအ
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှု
ပြောကြားလိုက်ပါကြောင်း စ

ဝေ

ယင်းနောက် ပဲခူးမြို့နယ်
တွဲဖက် အတွင်းရေးမှူး ဦးဝင်းခို
အသင်း ကိုယ်စားလှယ် အလုပ်
ရေးရာ အဖွဲ့ကိုယ်စားလှယ် ဒေါ်
ပြည်ပ အဖျက်သမားများ အန္တ
ဖြင့် ကာကွယ်ရေး" အဆိုကို
ရန် ထောက်ခံဆွေးနွေးတင်ပြ

လ

ဆက်လက်၍ ပဲခူးတိုင်
ကိုယ်စားလှယ် ဒေါက်တာဒေါ်ခ
နိုင်ငံတော်အေးချမ်းသာယာရေး
နိုင်ငံတော် ရှေ့ဆက်သွားမည့်

စည်းကမ်း
ကရေစီစနစ်
တွင် ပြည်သူ
နှင့်အမှန်၊ အ
အပြုနှင့်အဖျ
တရားများက
ဝေဖန် ပိုင်း
အသိပညာ
လိုအပ်။

အင်အားစီးပွားရေးအင်အားကာကွယ်ရေးအင်အားများကို ဟန်ချက်ညီညီ တောင့်တင်းမြင့်မားအောင်ဆောင်ရွက်

ပွံ့ဖြိုးတိုးတက်ရေး ရေခံမြေခံကောင်းများဖြစ်ပေါ်ကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူဖြစ်

ချေမှုန်းသွားမည်

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ပြီး မိမိလူမျိုး၊ မိမိဘာသာ၊ မိမိယဉ်ကျေးမှု၊ မိမိမှုနှင့် မိမိနေထိုင်ကြသူများ ဖြစ်သည့်အတွက် ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများ မလုပ်ကြနှင့်ဟု ပြောကြားလိုကြောင်း၊ ပြည်သူများကလည်း မည်သည့်အခါမျှ ခေါင်းငုံ့ခံမှာ မဟုတ်၊ ရရှိထားသည့် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထိပါးနှောင့်ယှက်နေသည့် ပြည်ပအဖျက်သမားများကိုလည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ချေမှုန်းသွားမှာဖြစ်ကြောင်း၊ပြည်တွင်းမှ ပုဆိန်ရိုးများ၊ လက်ကျန်သောင်းကျန်းမှု အပိုင်းအစများ၊ ပြည်ပြေးအမျိုးသားသစ္စာဖောက်များကိုလည်း ပြည်ပအဖျက်သမားများနှင့် တစ်တန်းတည်းထားပြီး ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းသွားမည်ဟု ပြည်သူတစ်ရပ်လုံး၏ကိုယ်စား ပြောကြားလိုက်ပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထောက်ခံဆွေးနွေး

ယင်းနောက် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တွဲဖက် အတွင်းရေးမှူး ဦးဝင်းခိုင်က တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်ဝင်းမာရွှေနှင့် တိုင်းအမျိုးသမီးရေးရာ အဖွဲ့ကိုယ်စားလှယ် ဒေါ်ဖြူပြာစိုးတို့ တင်သွင်းသွားကြသည့် **"ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြု ပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

လက်တွဲပူးပေါင်း

ဆက်လက်၍ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာဒေါ်ချိုချိုဝင်းက **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး"**နှင့် ပတ်သက်၍ဆွေးနွေးတင်ပြရာတွင် ယနေ့အချိန်အခါတွင် မည်သည့်အစိုးရ လက်ထက်ကမှ မလုပ်ဆောင်နိုင်ခဲ့သည့် နိုင်ငံတော်တည်ငြိမ်ရေးကို ဦးစားပေးပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၌ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှေးရှုဆောင်ရွက်ရင်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းများ လျော့နည်းကျဆင်းသွားစေရန် ဖွံ့ဖြိုးရေး စီမံကိန်းများကို စနစ်တကျ ချမှတ်ပေးပြီး ဒေသအလိုက် အဆက်အစပ်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခုဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း ဆိုသည့် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းသုံးခုချမှတ်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကွက်လပ်မကျန်ဖွံ့ဖြိုး

ယနေ့ဖွံ့ဖြိုးတိုးတက်ရေးမှုသည် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးမှုပင်ဖြစ်ကြောင်း၊ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားမှာလည်း နိုင်ငံတော်အစိုးရက ဦးတည်ဆောင်ရွက်နေသည့် မှုတစ်ခုပင်ဖြစ်ကြောင်း။

ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ပြီး စိုက်ပျိုးရေရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆည်မြောင်းတာတမံများကို တိုးချဲ့တည်ဆောက်ခဲ့ရာ ပဲခူးတိုင်းအတွင်း ဆည်မြောင်းတာတမံ ၁၈ခုကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် လမ်းသစ်များဖောက်၊ တံတားသစ်များကို တည်ဆောက်ပေးခဲ့ရာ ပဲခူးတိုင်းအတွင်းတွင် ပေ၁၈၀အထက်တံတားအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၃၈စင်းရှိခဲ့ရာမှ ယခုအခါ တံတားအစင်း၅၀အထိတည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ လမ်းအရှည်မှာလည်း ၁၉၈၈ခုနှစ်မှ ယခုအထိ ၂၁၆မိုင်

ပဲခူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အ တွင်း ရေး မှူး ဦး ဝင်း ခိုင် က "ပြည်တွင်းပြည်ပ အ ဖျက် သ မား များ အန္တရာယ်ကို ပြည်သူ့ စွမ်းအား စည်းလုံးမှုအင်အား ဖြင့် ကာကွယ် ရေး"အဆိုကို လူထု အစည်း အဝေးက အတည်ပြုပေးနိုင် ရန် ထောက်ခံ ဆွေးနွေးတင်ပြ စဉ်။
(သတင်းစဉ်)

စည်းကမ်းပြည့်ဝသည့် ဒီမို ကရေစီစနစ်ကို ဖော်ဆောင်ရာ တွင် ပြည်သူအများစုက အမှား နှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အပြုနှင့်အဖျက်စသော သဘော တရားများကို မှန်မှန်ကန်ကန် ဝေဖန် ပိုင်းခြားနိုင်စွမ်းရှိသော အသိပညာ ကြွယ်ဝမှုရှိရန် လိုအပ်။

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင် ပြီး မိမိလူမျိုး၊ မိမိဘာသာ၊ မိမိယဉ်ကျေးမှု မိမိမှုနှင့် မိမိနေထိုင်ကြသူများ ဖြစ်သည် အတွက် ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများ မလုပ်ကြနှင့်ဟု ပြောကြားလို။

အခမ်းအနားမှူး

"ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီမြင့်ရည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးပပတို့ ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

ကျော်ကို တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ရထားလမ်းအသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ တယ်လီကွန်မြူနီကေးရှင်းတွင်လည်း တစ်နိုင်ငံလုံးအဆပေါင်းများစွာ တိုးချဲ့ တပ်ဆင်ခဲ့သည့်အပြင် ကမ္ဘာ့နောက်ဆုံးပေါ် နည်းပညာများကိုပါရယူနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာပြီး ကွန်ရက်သဖွယ် ဆက်သွယ်လာနိုင်သည်ကိုလည်း ပြည်သူအများသိရှိပြီးဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအား

နိုင်ငံတော်နှင့် ပြည်သူတို့၏ စီးပွားရေးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုတို့အတွက် လျှပ်စစ်စွမ်းအားလိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ၁၀နှစ်ကျော်အတွင်း လျှပ်စစ် ၇၆၇ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍ မုန်းရေအားလျှပ်စစ်၊ ရဲနွယ်၊ ရဲရွာ၊ ဖြူးချောင်း၊ ရွှေကျင် စသည့် စီမံကိန်းကြီးများမှ ဆက်လက်ထုတ်လုပ်နိုင်တော့မှာဖြစ်၍ "လျှ စွမ်းအားဖြင့် စက်မှုနိုင်ငံ ထူထောင်အံ့"ဟု ဆို ဖြစ်ကြောင်း၊ ထို့အတူ သဘာဝဓာတ်ငွေ့ရရှိရေးကို အစွမ်းကုန် တိုးချဲ့ရှာဖွေ ထုတ်လုပ်နေပြီဖြစ်ကြော

ထို့အပြင် ပညာရေးကဏ္ဍတွင်လည်း လူတိုင်းအ ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက် စာတတ်မြောက်မှုသည် တစ်နိုင်ငံလုံး၏ ၉၃ရာခိုင် ကျော်နေပြီ ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေ ကျောင်းအပ်နှံရေးကိုလည်း နိုင်ငံတော်က တွန်းအာ ဆောင်ရွက်လျက်ရှိနေကြောင်း၊ အခြေခံပညာကျောင်း တက္ကသိုလ်များ၊ ကောလိပ်များကို တစ်နိုင်ငံလုံးဖြန့် ဖွင့်လှစ်ခဲ့ခြင်းကြောင့် ယနေ့ကာလတွင် ကျောင်းနေ အလွန်သိသာစွာ တိုးတက်လာပြီး ပြည်သူတစ်ရ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ့ပညာရေးစနစ် ထွန်းနေပြီဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ် အ ယခင်က ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ စက်မှုတက္က ဆေးတက္ကသိုလ်နှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

နိုင်ငံတော် အေးချမ်းတည်ငြိမ်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏လိုအပ်ချက်ဖြစ်သကဲ့သို့ စည်းလုံးညီညွတ်ခြင်း၊မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့သည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏လိုအပ်ချက်ဖြစ်

✧ စာမျက်နှာ ၉ မှ

သစ်တောပညာတက္ကသိုလ်တို့သာရှိခဲ့ပြီး ယနေ့ကာလတွင် ကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်များအဖြစ် သီးခြားတက္ကသိုလ်များပေါ်ပေါက်ခဲ့ပြီး ပညာရပ်များအလိုက် သင်ကြားပို့ချလျက်ရှိသည့်အတွက် နိုင်ငံတော်က လိုအပ်သည့် အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်ကြီး ပေါ်ထွန်းလာပြီး **“ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်”**နိုင်တော့မှာဖြစ်ကြောင်း။

ကျန်းမာရေး

ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံတော်အနေဖြင့် ပဲခူးတိုင်းအတွင်း တိုက်နယ် ဆေးရုံ၃ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၈ ခုတို့ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း။

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့တစ်ခုဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO အနေဖြင့် မြန်မာနိုင်ငံကို ဆေးဝါးပစ္စည်းကိရိယာများထောက်ပံ့ခြင်း၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ စေလွှတ်ကူညီခြင်း၊ ဆေးဝါးကျွမ်းကျင်မှုသင်တန်းများ တက်ရောက်စေခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း။

အကောင်အထည်ဖော်

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) အနေဖြင့်လည်း တီဘီရောဂါတိုက်ဖျက်ရေး၊ အနာကြီးရောဂါသည်များ ပြန်လည်ထူထောင်ရေး၊ ငှက်ဖျားရောဂါနှိမ်နင်းရေး၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး၊ ရေကောင်းရေသန့် ရရှိရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ၌ မြန်မာနိုင်ငံနှင့် ပူးပေါင်းကာ စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)အနေဖြင့်လည်း ကလေးနှင့်အမျိုးသမီးများ၏ ဘဝရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးတို့တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဤကဲ့သို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေခြင်းသည် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ အကူအညီမှလွဲ၍ မည်သည့်နိုင်ငံ၏ အကူအညီမှ ရယူခြင်းမရှိဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်နေမှုကို သက်သေထင်ရှားပြသလျက်ရှိနေခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပဲခူးခရိုင် စစ်မှုထမ်းဟောင်း အဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် (အငြိမ်းစား)က ဆက်လက် ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်ဖြစ်သကဲ့သို့ စည်းလုံးညီညွတ်ခြင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့သည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်များပင် ဖြစ်ကြောင်း၊ ဤအရည်အချင်းသုံးရပ်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ယှက်နွှယ်နေကြောင်း၊ ဤကာလတွင် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အင်အားခိုင်မာတောင့်တင်းရေး၊ ဒီမိုကရေစီလူ့ဘောင် ဖြစ်ထွန်းပေါ်ပေါက်လာရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ချမှတ်ခဲ့ကြောင်း၊ ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရာတွင်–

(၁) **အေးချမ်းတည်ငြိမ်ခြင်း၊**

(၂) **နိုင်ငံတော်နှင့် ပြည်သူများ စီးပွားရေးခိုင်မာတောင့်တင်းခြင်း၊**

သဘာပတိအဖွဲ့ဝင်များ

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

(၃) **အမျိုးသားပညာရည်မြင့်မားခြင်းဆိုသည့် အရင်းအနှီးများ လိုအပ်ကြောင်း လမ်းညွှန်ခဲ့ပါကြောင်း။**

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ယင်းအချက်(၃)ချက်လုံးရရှိအောင် ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ဆောင်ရွက်ခဲ့သည်ကို ပြည်သူတစ်ရပ်လုံး မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း။

မိမိတို့ ပြည်သူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှင့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတို့အတွက် ပုဂံလူထုအစည်းအဝေးကြီးကျင်းပကာ ကြေညာချက် နှစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းကြေညာချက်များမှာ–

(၁) **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေး။**

(၂) **ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စု တိုင်းရင်းသားအပေါင်းက ဆက်လက်ထိန်းသိမ်းကာကွယ်ရေး**

ဆိုသည့် ကြေညာချက်အတိုင်း မိမိတို့ ပြည်သူတစ်ရပ်လုံးက တစ်တပ်တစ်အားပါဝင်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

အရှိန်အဟုန်ရရှိ

မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးဖြင့် နေထိုင်လာခဲ့ကြခြင်းဖြစ်ရာ ပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအစဉ်အလာကို မထိခိုက်ဘဲ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို မယိုယွင်းစေဘဲ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေခြင်းသည် ကုလသမဂ္ဂနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၏ အကူအညီမှလွဲ၍ မည်သည့်နိုင်ငံ၏ အကူအညီမှ ရယူခြင်းမရှိဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်နေမှုကို သက်သေထင်ရှားပြသလျက်ရှိ။

“ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်း သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး”နှင့် ပတ်သက်၍ ပဲခူးတိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ကိုယ် စား လှယ် ဒေါက်တာ ဒေါ်ချိုချိုဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

“ဒို့တာဝန် အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်း သာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက် သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး”နှင့် ပတ်သက်၍ ပဲခူးခရိုင် စစ်မှုထမ်းဟောင်း အဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် (အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်လင်းလင်းသန့်က “ဒို့တာဝန် အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက် သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း) စစ်ဆေး အဆင့်မြင့်စက္ကူစက်ရုံ တည်ဆောက်မှုနှင့် သတင်းစာစက္ကူစက်ရုံမြေနေရာ ကြည့်ရှု

ရန်ကုန် ဇူလိုင် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၀နာရီခွဲတွင် ဧရာဝတီတိုင်း ပုသိမ်ခရိုင် လေ့ကြီးတက် ကျေးရွာအနီးရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း)သို့ ရောက်ရှိပြီး တစ်နေ့ငါးတန်ကျ ကလိုရင်းဒိုင်အောက်ဆိုဒ်စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းဝင်းက ပျော့ဖတ်အရောင်ချွတ်ရာ၌ လိုအပ်သည့် ကလိုရင်းဒိုင်အောက်ဆိုဒ် ထုတ်လုပ်ပုံအဆင့်ဆင့်ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ထိန်းချုပ်ခန်း၌ ကလိုရင်းဒိုင်အောက်ဆိုဒ် ထုတ်လုပ်ပုံနည်းစဉ်များကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ကွန်ပျူတာများဖြင့် ဓာတ်ပြုဖြစ်စဉ်များ ဆောင်ရွက်ရာ၌ လက်တွေ့ဆောင်ရွက်ရသော လုပ်ငန်းရပ်များကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရမည့်အပြင် အဆင့်ဆင့်သော ဝန်ထမ်းများအနေဖြင့် အဓိကအကျဆုံးသော ထိန်းချုပ်မှု၊ ကိုင်တွယ်ထိန်းသိမ်းမှု လုပ်ငန်းစဉ်များကို ကျွမ်းကျင်ကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှိ ဆက်စပ် စက်ယန္တရားများကိုလည်းကောင်း၊ တစ်နေ့ တန် ၅၀ကျ အဆင့်မြင့်စက္ကူစက်ရုံ တည်ဆောက်မှု အခြေအနေများကို လည်းကောင်း၊ တစ်နေ့တန် ၆၀ကျ သတင်းစာစက္ကူစက်ရုံ တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယနေ့နံနက် ၆နာရီခွဲတွင် ပုသိမ်မြို့ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ပုသိမ် မှန်စက်ရုံရှိ သဲဆေးစက်၏ အခြေအနေများကို လည်းကောင်း၊ သဲကုန်ကြမ်းစုဆောင်းမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မှန်ချက်စက်ရုံရှိ မီးဖိုများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် မှန်ဆွဲစက်များ၏ အခြေအနေများ၊ မှန်ထုတ်လုပ်မှုနှင့်မှန်များ အရွယ်အစားအလိုက် ဖြတ်တောက်မှု လုပ်ငန်းများ၊ ထုပ်ပိုးပြီး ဖြန့်ဖြူးရန် အသင့်ဖြစ်နေသည့် မှန်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဦးအောင်သောင်းနှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေတို့သည် ပုသိမ်မြို့ ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိပြီး ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပုသိမ်မြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း အချိုရည်နှင့် ရေခဲစက်ရုံသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)





ထုတ်လုပ်မှုလုပ်ငန်းများကို စစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဧရာဝတီတိုင်း ပုသိမ်ခရိုင် လေ့ကြီးတက်ကျေးရွာအနီးရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း)၏ တစ်နေ့ ငါးတန်ကျ ကလိုရင်းဒိုင် အောက်ဆိုဒ်စက်ရုံ ထုတ်လုပ်မှုလုပ်ငန်းများကို စစ်ဆေးစဉ်။

(စက်မှု-၁)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇူလိုင် ၂၅ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့ ည ၇နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပြေးခုန်ပစ်လူရွေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူး၍ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပြေးခုန်ပစ်နောက်ဆုံး လူရွေးပွဲကို ဩဂုတ် (၁၇၊ ၁၉၊ ၂၀၊ ၂၁၊ ၂၄၊ ၂၅၊ ၂၇နှင့် ၃၁) ရက်တို့တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဩဂုတ် ၁၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။

(သတင်းစဉ်)

လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေး ကော်မတီ သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၂၈ရက်က လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပရာ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင် အမှာစကားပြောကြားစဉ်။

(က-ပ)

❍ စာမျက်နှာ ၁၀ မှ

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ပီပြင်စွာ ထွန်းကားလာမည့် နိုင်ငံတော်သစ်ကြီးဆီသို့ အရောက်ချီတက်ကြရမှာ ဖြစ်ကြောင်း၊ ဤသို့ အရောက်လှမ်းနိုင်ရန် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို ပြည်သူများ၏ ထောက်ခံမှု အပြည့်အဝဖြင့် ကျင်းပနေသည်မှာ ယခုဆိုလျှင် အရှိန်အဟုန် ရရှိနေပြီ ဖြစ်ကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ် အခြေခံမူများကိုလည်း အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးဆိုသည့် အမျိုးသားပန်းတိုင်ကို ချီတက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တွေကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းပြီး အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းကြရန် အရေးကြီးလှကြောင်း။

နိဂုံးချုပ်အနေဖြင့် **"ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုကို တင်သွင်းရင်း-

"ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးကြပါစို့၊ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်အောင် ထိန်းသိမ်းကြပါစို့၊ ဘယ်သူခြောက်ခြောက် ဒို့မကြောက်ဘဲ နိုင်ငံတော်ကို တည်ဆောက်ကြပါစို့၊ အမိပြည်ထောင်စုနှင့် နိုင်ငံသားတို့ကို မိမိတို့ဘဝလို့ ခံယူကြပါစို့၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို အရင်းတည်ထားတဲ့ အမျိုးသားရေးလက္ခဏာများကို ကာကွယ်ထိန်းသိမ်းကြပါစို့" ဟု ဤနေရာမှ နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်လင်းလင်းသန့်က ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ချိုချိုဝင်းနှင့် ပဲခူးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် (အငြိမ်းစား)တို့ တင်သွင်းသွားကြသည့် **"ဒို့တာဝန် အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

ယင်းနောက် သဘာပတိက **"ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုနှင့် **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုနှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အစည်းအဝေးတက်ရောက်လာကြသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက် ကြွေးကြော်၍ အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များ ခွဲစိတ်မှု အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးစီစဉ်မှုဖြင့် မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များအား ခွဲစိတ်မှုအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌွေးတို့ တက်ရောက်၍ အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ညွှန်ကြား ရေးမှူးချုပ်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီး၊ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သည် မြို့နယ်မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း များအား မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များ ရှာဖွေ ဖော်ထုတ်ရန် ညွှန်ကြားခဲ့ပြီး လိုအပ် သော ကူညီပံ့ပိုးမှုများရရှိအောင် ဆောင် ရွက်ခဲ့ကြောင်း၊ သဃ်္ဃန်းကျွန်းစံပြဆေးရုံ ကြီးမှလည်း အဆိုပါ ဝေဒနာရှင်များ အား ခွဲစိတ်နိုင်ရန် ကူညီပံ့ပိုးပေးခဲ့ ကြောင်း၊ ထိုသို့ ခွဲစိတ်ကုသမှုအတွက် ဝေဒနာရှင်များအနေဖြင့် ငွေကြေး တစ်စုံတစ်ရာ ကုန်ကျခြင်းမရှိစေဘဲ အခမဲ့ ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း၊ ဝေဒနာရှင်ကိုယ်တိုင် အကုန်အကျခံ ခွဲစိတ်ကုသမည်ဆိုလျှင် ကုန်ကျစရိတ် များစွာ ကုန်ကျမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဝေဒနာရှင်များ အခမဲ့ ခွဲစိတ်ပေးခြင်းသည် မြန်မာနိုင်ငံ မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီး၏ စံနမူနာပြ ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ် ဆောင်ရွက်စေခြင်းကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီး ကြပ်ရေးအဖွဲ့က လိုက်နာဆောင်ရွက် ခြင်းဖြစ်သည်ကို သိရှိရကြောင်း၊ ဝေဒနာရှင်များအား အထူးကုဆရာဝန် ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ က စေတနာမေတ္တာဖြင့် အခမဲ့ ကုသိုလ်ယူ ခွဲစိတ်ကုသပေးကြသကဲ့ သို့ စေတနာရှင် အလှူရှင်များက လည်း ဝေဒနာရှင်များအတွက် ဆေး ပဒေသာပင် အလှူငွေများ စိုက်ထူ လှူဒါန်းခဲ့ကြသည်ကို တွေ့ရှိရသဖြင့် ဝေဒနာရှင်များကိုယ်စား အထူးကျေးဇူး တင်ရှိပါကြောင်းနှင့် မှတ်တမ်းတင် ဂုဏ်ပြု အပ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်မှုသည် နွမ်းပါးသူဝေဒနာ ရှင်များနှင့် ကိုယ်အင်္ဂါချို့တဲ့သူများ အတွက် မြတ်သောစေတနာ အလှူဒါန ဖြစ်ကြောင်း၊ မြတ်သောဒါန၏ အကျိုး ကျေးဇူးကို ပံ့ပိုးကူညီသူများအားလုံး ရရှိခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်း ပြုပါကြောင်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းကြီးမှ ချမှတ်ထားသော လုပ်ငန်းစဉ်များကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက် သွားကြရန်နှင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီများကလည်း လိုအပ်သည် များကို ပံ့ပိုးကူညီဆောင်ရွက်သွားကြ ရန် ပြောကြားသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကြီးမှူးစီစဉ်မှုဖြင့် မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များအား ခွဲစိတ်မှုအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ထို့နောက် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များအတွက် အလှူငွေများ အဖြစ် ဗိုလ်မှူးပြည့်အောင်–ဒေါ်နန္ဒာ အေး မိသားစုက ငွေကျပ်ငါးသိန်း၊ သပြေညို အိမ်ဆောက်ပစ္စည်း ရောင်း ဝယ်ရေးမှ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ တို့က ငွေကျပ် ၁၀သိန်း၊ ရန်ကုန်အရှေ့ ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရိန်–ဒေါ်နန်း ရွှေယဉ် မိသားစုက ငွေကျပ်တစ်သိန်း၊ ချယ်ရီဦး နာရီအရောင်းဆိုင်မှ ဦးကျော် နိုင်ဦး၊ ဦးဇော်နိုင်ဦး၊ ဦးသက်နိုင်ဦး တို့က ငွေကျပ်ခုနစ်သိန်း၊ သီဟသုခမ္မ မဏိဇောတရေ ဦးကျော်မင်း မိသားစု က ငွေကျပ်သုံးသိန်း၊ စန္ဒီပရဆေးမှ ဦးသိန်းမောင်–ဒေါ်ပါးပါးတို့က ငွေကျပ် နှစ်သိန်းနှင့် ခုနစ်ဆယ်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်း က ငွေကျပ် တစ်သိန်းရှစ်သောင်း၊ ဘိတိဘိကုမ္ပဏီမှ သီဟသုခမ္မ မဏိ ဇောတရေ ဦးသိုင်းဝင်း–သီဟသုခမ္မ သိင်္ဂီ ဒေါ်ဌွေးဌွေးညွန့်နှင့် မြင့်မြတ် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးမှ ဦးအောင်မွန်တို့က ငွေကျပ် တစ်သိန်း ငါးသောင်းစီ၊ အိုကေဆန်ရောင်းဝယ် ရေးမှ ဦးငြိမ်း–ဒေါ်အုန်းကြင်၊ SSI ဆေးဝါးထုတ်လုပ်ရေးမှ ဦးဖေလှိုင်နှင့် ILBC မှ ဦးတင်မောင်ဝင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်း ငါးသောင်း၊ နုငယ်ဆောက်လုပ်ရေးမှ ဒေါ်နုနုငယ်၊ တောင်ဥက္ကလာပမှ ဦးစံငြိမ်း၊ ရန်ကင်းမှ ဒေါ်ခင်နန်းမွန် နှင့် ဗိုလ်တထောင်မှ ဦးစိုးဟန်လင်း တို့က ငွေကျပ်တစ်သိန်းစီ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မှ အမေ့သား မိသားစုတို့ က ငွေကျပ်ငါးသောင်းတို့ကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက် ဌွေးတို့က လက်ခံကြသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကြီးမှူးစီစဉ်မှုဖြင့် မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များအား ခွဲစိတ်မှုအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌွေးထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌွေးက အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင် များအား ခွဲစိတ်ကုသမှုအတွက် ရရှိ သော လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၄၁၈၀၀၇၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီးထံ လွှဲပြောင်း ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင် နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ အတွင်းရေးမှူး တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့် က အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင် များအား ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌွေးက ခွဲစိတ်ကုသပေးသော အထူးကုဆရာဝန် ကြီးများနှင့် ကျန်းမာရေးဝန်ထမ်း များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် သဃ်္ဃန်းကျွန်း စံပြ ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ကိုကိုမောင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လူနာဆောင်ရှိ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ဝေဒနာရှင်များအား ခွဲစိတ်ကုသမှု မှတ်တမ်းဓာတ်ပုံများ၊ ခွဲစိတ်ကုသပြီး ဝေဒနာရှင်များနှင့် ခွဲစိတ်ကုသရန် ကျန်ရှိသော ဝေဒနာရှင်များအား သွား ရောက်ကြည့်ရှု အားပေးကြပြီး ပံ့ပိုး ငွေများကို ပေးအပ်ကြသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးစီစဉ်မှုဖြင့် ၂၀၀၅ ခုနှစ်အတွင်း အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင် ၂၃၈ဦးကို ခွဲစိတ်ကုသပေးသွားရန်ရှိပြီး ပထမအဆင့်အဖြစ် ဝေဒနာရှင် ၁၀၀ တို့ကို ခွဲစိတ်ကုသမှုဆောင်ရွက်လျက် ရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၂၇ရက်က ကျန်းမာရေးဦးစီးဌာန (သွားနှင့် ခံတွင်းဌာနစိတ်)နှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော သွားနှင့်ခံတွင်း ပညာပေးဟောပြောပွဲကို လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ သွားနှင့်ခံတွင်း ဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဦးကျော်ညွန့်က ကျန်းမာရေးဆိုင်ရာ အသိပညာပေးအကြောင်း ဟောပြောစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁–၇–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအေဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၅:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၆။ အရေးပြိုင်ပွဲ
- ၈:၃၀ ၇။ မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်း ခုံးကျော်တံတား
- ၈:၂၀ ၈။ အကပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၈။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား (အပိုင်း–၂၅)**
- ၁၂:၂၀ ၅။ (၂၉)ကြိမ်မြောက် အမျိုးသား တံခွန်စိုက်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲ
- ၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"စားလဒ်နှင့် အကြွင်း" (ဝေဠုကျော်၊မေသဉ္ဇာဦး၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ–မောင်သြဘာ)**
- ၂:၂၅ ၇။ တေးဂီတအစီအစဉ်
- ၂:၃၅ ၈။ နဂါးရေလှောင်တမံ
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အက
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၄၀ ၈။ တေးဂီတအစီအစဉ်
- ၅:၅၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ (အပိုင်း–၄၄)**
- ၇:၃၅ ၁၃။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၄။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၆၃)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ဖျာပုံ ခရိုင် ဒေးဒရဲ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေး နှင့် သောက်သုံး ရေ ရရှိရေး အတွက် ကျုံ ဘုတ် ကျေးရွာ ရေစွယ်ဘုန်း တော်ကြီး ကျောင်း ဝင်း အတွင်း တူးဖော်ပြီးစီးသော စက်ရေတွင်းအား ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက ရေစွယ်ကျောင်း ဆရာတော် ဦးကဝိန္ဒက ကျေးရွာဥက္ကဋ္ဌ ဦးရွှေဖုန်းနှင့် ကျေးရွာပြည်သူများသို့ လွှဲပြောင်းပေးအပ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ဆင်းရွှေလီ နွေစပါးစံကွက်ရိတ်သိမ်း

ကွမ်းလုံ ဇွန် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသိန်းထွန်းနှင့် စခန်းတာဝန်ခံ ဦးယိမ်းခေါတို့သည် ဇွန် ၇ ရက်က ကောင်းကျဲအုပ်စု ကွန်မြင့်ကျေးရွာ ကွင်းအမှတ်(၉) ဦးပိုင်အမှတ်(၁၂၁) တောင်သူ ဦးဝမ်းဖော်ဝေ၏ ဆင်းရွှေလီ နွေစပါးစံကွက် ရိတ်သိမ်းရာ တစ်ဧကလျှင် အပိုတင်း ၁၅၀ နှုန်းထွက်ရှိသည်။

နွေစပါးစံကွက် ရိတ်သိမ်းရာသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင်အောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေကြိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးအောင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ ကြည့်ရှုကြသည်။

ကွမ်းလုံမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ်၌ နွေစပါးဧက ၅၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ဧက ၆၀ စိုက်ပျိုးကြကြောင်း သိရသည်။ **(၄၆၄)**

ရော်ဘာစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ဟုမ္မလင်း ဇူလိုင် ၉

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ်မှစ၍ ရော်ဘာစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရော်ဘာစိုက်ပျိုးပင်များ အချိန်မီ စိုက်ပျိုးသွားနိုင်ရေးအတွက် အဖူးဆက်ပျိုးပင် ၁၃၅၀၀ နှင့် မျိုးစေ့ ၇၆၈ပြည်ကို ဇူလိုင် ၁ ရက်က လေယာဉ်ဖြင့် ရောက်ရှိလာသည်။

ဆက်လက်၍ အဖူးဆက်ပျိုးပင် ၂၅၀၀၊ အစေ့စိုက်ပျိုးပင် ၁၀၀၀၀၀ စုစုပေါင်းပျိုးပင် ၁၂၅၀၀ ကို ဇူလိုင် ၂ ရက်က သင်္ဘောဖြင့် ရောက်ရှိလာသည်။ **(စိုက်ပျိုးရေး)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ခမောက်ကြီး ဇူလိုင် ၈

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို အောင်ချမ်းသာကျေးရွာ ရပ်ကွက်ရုံးတွင် ဇူလိုင် ၈ရက် နံနက်၉ နာရီတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခမောက်ကြီးမြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာ/ထောက်- ၃ ဦးကျော်သက်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာ/ထောက်-၃ ဦးကျော်သက်ဦးက စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဦးတင်ရွှေက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

ကွမ်းခြံကုန်း ဇူလိုင် ၁၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) အတွေ့အကြုံ ရှင်းလင်းခြင်းနှင့် အသက်(၇၅)နှစ်ပြည့်ပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ကွမ်းခြံကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းတွင်ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ ကွမ်းခြံကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးတို့တက်ရောက်ကြပြီး အသက် (၇၅) နှစ်ပြည့်ပြီးသူ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်ငါးဦးတို့အား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)က ချီးမြှင့်သည့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပွဲကျင်းပ

ဂန့်ဂေါ ဇူလိုင် ၃

ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူး၍ စိမ်းလန်း စိုပြည်သာယာလှပရေး အတွက် ဂန့်ဂေါမြို့ ရွှေပြည်ဆိပ်ဦး မြတ်စွာဘုရား ပရိဝုဏ်ဝန်းကျင်နေရာနှင့် သာသနာ့ဗိမာန်တော် ဝန်းကျင်နေရာများ၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက်တွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက အရိပ်ရပင်နှင့် ပန်းအလှပင် ၂၅၀ကို စုပေါင်း စိုက်ပျိုးကြသည်။

စုပေါင်းစိုက်ပျိုးပွဲသို့ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးအောင်လှနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှရှောင်နှင့် အဖွဲ့ဝင်များ၊ မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ခရိုင်အတွင်းရေးမှူး ဦးအောင်မြင့်နှင့် မြို့နယ်အတွင်းရေးမှူး ဦးဝင်းမြင့်မောင်တို့ တက်ရောက်ပါဝင် စိုက်ပျိုးကြသည်။ **(၄၆၅)**

ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်

ဘိုကလေး ဇူလိုင် ၁၈

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ ကမကလူကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမကလူကျေးရွာ သာသနာမဏ္ဍောတိကာရုံကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ မြို့နယ် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဇောတက အလှူငွေ ပေးအပ်လှူဒါန်းခြင်းအတွက် သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် ကချင်ပြည်နယ် အောင်သပြေတစ်ထောင်နှင့် ရှမ်းပြည်နယ် မြစိမ်းတောင် ဆရာတော် ဦးဥတ္တမသီရိက ကမကလူကျေးရွာ သာသနာမဏ္ဍောတိကာရုံကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေ ၆၀ သိန်းအား ကျောင်းဥပသကာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မြင့်သို့ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ်ပြန်ဆက်)**

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးကြီး အနောက်ဘက် အဝင်/အထွက် သံကူကွန်ကရစ်တံတား နှစ်စင်းအား ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၅၀၁၀၀၀ အကုန်ကျခံကာ အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ)ဒေါ်ညိုညိုရီ ဆောင်ရွက်နေမှုအား ဇူလိုင် ၂၂ ရက်က ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစန်းဝင်း ကြည့်ရှုစစ်ဆေးစဉ်။

(၁၁၅)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၁၈ ရက်က မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သွေးလွန်တုပ်ကွေးကင်းရှင်းရေးအတွက် မြို့မကျောင်းလမ်းတွင် အမှိုက်များရှင်းလင်းခြင်း၊ မြက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် ရေစီးမြောင်းများတူးဖော်ခြင်းတို့ ဆောင်ရွက်နေမှုကို ဒုဦးစီးမှူး(သန့်) ဦးခင်မောင်ချို ဦးစီး၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်သားများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းပြုပြင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်း

မြစ်ငယ် ဇူလိုင် ၂၂

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ် အခြေခံပညာ အထက်တန်းကျောင်း အဆောက်အအုံပြုပြင်ရန်နှင့် လိုအပ်သည်များအတွက် အသုံးပြုရန် စေတနာရှင်၊ အလှူရှင်၊ မိဘပြည်သူများက အလှူငွေကျပ် ၆၃၅၄၅၀၀ ပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် နံနက် ၁၀နာရီက မြစ်ငယ် မြန်မာ့မီးရထားခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အထက်မြန်မာပြည် အမှတ် (၂) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်က အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့မီးရထား ဆရာဝန် (ငြိမ်း) ဒေါက်တာ ဦးကျော်လှက အလှူရှင်များကိုယ်စား အလှူငွေ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းရာ ကျောင်းသား၊ ကျောင်းသူ၊ မိဘများက လှူဒါန်းငွေကျပ် ၃၁၆၉၉၀၀ နှင့် အလှူရှင် ၂၂ဦးတို့က လှူဒါန်းငွေကျပ် ၃၁၈၅၀၀၀ကို ညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်နှင့် တာဝန်ရှိသူများထံ တစ်ဦးချင်းအလိုက် လှူဒါန်းငွေများ ပေးအပ်ကြသည်။ **(၄၃၃)**

ဇူလိုင် ၁၀ရက်က ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ်အဖြစ် လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေး ဦးဆောင်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်ပညာရေးမှူး ဦးတင်မောင်ဦးနှင့် လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေတိုးတို့ ကြည့်ရှုအားပေးစဉ်။

(ပညာရေး)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စွန်ရဲလမ်း ကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၈ရက်က အငယ်တန်း အင်ဂျင်နီယာ(၃) ဦးမျိုးမင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးအောင်သန်းဝင်းတို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေး

ပြည်သူ့အမြင် တဖြည်းဖြည်း ...

ရန်ကုန် ဇူလိုင် ၁၀

“ပြည်တွင်း ပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးကို ဇူလိုင် ၂၈ရက် နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းအားကစားရုံ၌ ကျင်းပသည်။

လူထုအစည်းအဝေးသို့ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။

သဘာပတိအဖွဲ့

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ရီရီအုန်းသန်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာဒေါ်စိုးစိုး၊ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးသန့်စင် (အငြိမ်းစား)၊ အမျိုးသားညီလာခံကိုယ်စားလှယ် ရပ်မိရပ်ဖ ဦးကြင်သိန်း၊ တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဇေယျ၊ တိုင်းမီးသတ်တပ်ဖွဲ့မှ ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီမြင့်ရည်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးပပက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိ အဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရန် ပြင်းပြသည့် ဆန္ဒရှိ

- ပြည်သူတစ်ရပ်လုံး၏ လိုလားချက်အမှန်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရန် ပြင်းပြသည့် ဆန္ဒရှိနေကြခြင်းဖြစ်။
- ပြည်သူတို့၏ဆန္ဒသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးဖြစ်သည့်အတွက် နိုင်ငံတော်က ပြည်သူတို့၏ဆန္ဒအတိုင်း အရှိန်အဟုန်မြှင့် ဖော်ဆောင်ပေးနေသည်ကို အများက တွေ့မြင်နေကြရပြီ။